www.burmeseclassic.com

# အမေရိကန်သမ္မတတို့ရဲ့ ဟာသများ

ခင်မောင်တိုး(မိုးမိတ်)



BURMESE CLASSIC .com

www.burmeseclassic.com

## ဒို့တာဝန် အရေးသုံးပါး

| | | |
|---|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | - | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | - | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | - | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ခြေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက် ဝသောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊
* အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ မျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.burmeseclassic.com

လင်းဦးတာရာ

BURMESE CLASSIC .com

www.burmeseclassic.com

လင်းဦးတာရာ

# အမေရိကန်သမ္မတတို့ရဲ့

# ဟာ သ များ

ခင်မောင်တိုး(မိုးမိတ်) ဘာသာပြန်သည်။

101 PRESIDENT JOKES

by

MELVINBERGER

www.burmeseclassic.com
ပုံနှိပ်ခြင်း
ပထမအကြိမ်
၂၀၀၃ခုနှစ်၊ ဖေဖော်ဝါရီလ
အုပ်ရေ
၅၀၀
စာမူခွင့်ပြုချက်အမှတ်
၈၀၅/၂၀၀၂(၉)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၉၄၈/၂၀၀၂ (၁၂)
မျက်နှာဖုံးဒီဇိုင်း
သိုးထိန်း၊ ကာတွန်းထက်မိုး
အတွင်းဖလင်
ရဲဌေး
ကွန်ပျူတာစာစီ
ကျော်မျိုးသိန်း
စာအုပ်ချုပ်
ကိုမြင့်
မျက်နှာဖုံးပုံနှိပ်သူ
W!zard Offset
အတွင်းပုံနှိပ်သူ
W!zard Offset
အမှတ် ၁၉၈၊ မြေညီထပ်
၃၃လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်
ထုတ်ဝေသူ
ဦးထွန်းထွန်းဦး
အမှတ်၅၃၃/အေ၊ (၇)ရပ်ကွက်
ပြည်လမ်း၊ ရန်ကုန်မြို့။
စီစဉ်ထုတ်လုပ်မှု
လင်းဦးတာရာစာပေ

www.burmeseclassic.com



www.burmeseclassic.com



ဂျော့ဝါရှင်တန်ငယ်ငယ်က သူ့ဖခင်ရဲ့ချယ်ရီပင်ကို ခုတ်လှဲခဲ့မှာမဟုတ်ပါဘူး။ ဒီတော့ 'ကျွန်တော် မလိမ်ချင်ဘူး'လို့ပြောပြီး ဝန်ခံစရာလည်းမရှိဘူးပေါ့။

ဒါပေမယ့် လူတွေကတော့ ဂျော့ဝါရှင်တန် ဝန်ခံခဲ့တဲ့ ဇာတ်လမ်းကိုပဲ ထပ်ပြန်တလဲလဲ ပြောနေကြတာပါပဲ။ ဒါ ဘာကြောင့်လည်းဆိုတော့ ဂျော့ဝါရှင်တန်ရဲ့ ရိုးသားမှုဂုဏ်အင်ကို ဖော်ပြနေလို့ပါပဲ။

ဆူဇီကလေးကတောင် တစ်ခါတော့ သူ့မေမေကို

'မေမေ၊ ဘယ်တော့မှမလိမ်ညာတဲ့လူတွေ ကောင်းကင်ဘုံကို ရောက်ကြတာပဲလား'လို့ မေးတယ်လေ။

'ဟုတ်တယ် သမီးလေးရဲ့။ မလိမ်ညာတဲ့လူတွေပဲ ရောက်ကြတာ'

'ဒီလိုဆို ကောင်းကင်ဘုံမှာ ဘုရားသခင်နဲ့ ဂျော့ဝါရှင်တန် နှစ်ဦးတည်းရှိမှာပေါ့။ ပျင်းစရာသိပ်ကောင်းမှာပဲနော် မေမေ'

♦♦♦

www.burmeseclassic.com

စာသင်ကျောင်းတွေမှာဂျော့ဝါရှင်တန်အကြောင်း သင်ကြတယ်။ တစ်နေ့မှာ ဆရာမက သူ့တပည့် ကလေးတွေကို မေးသတဲ့။

'တပည့်တို့၊ ဂျော့ဝါရှင်တန်ဟာ ကြီးမြတ်တဲ့ဗိုလ်ချုပ်လား၊ ဒါမှမဟုတ် ကြီးမြတ်တဲ့ ရေတပ်ဗိုလ်ချုပ်လား'

ဒီတော့ သွက်လက်ဖျတ်လတ်တဲ့ ဝီလီကလေးက

'ကြီးမြတ်တဲ့ဗိုလ်ချုပ်ပါ ဆရာမ'လို့ ကောက်ကာငင်ကာ ဖြေလိုက်တယ်။

'မင်း ဘယ်လိုလုပ်သိလဲ'

'ဒီလာဝဲယားကို လှေငယ်ကလေးနဲ့ ဝါရှင်တန် ဖြတ်ကူးတဲ့ပုံကို ကျွန်တော်တွေ့ဖူးတယ်။ ဘယ်ရေတပ်ဗိုလ်ချုပ်မှ အဲဒီလှေငယ်ကလေးမျိုး မစီးဘူး ဆရာမ'

♦♦♦

www.burmeseclassic.com

အမေရိကန်ပြည်ထောင်စုရဲ့ အခြေခံဥပဒေ ရေးဆွဲဖို့ ၁၇၈၇ခုနှစ်မှာ ဂျော့ဝါရှင်တန်ခေါင်းဆောင်ပြီး အစည်းအဝေးတစ်ခုကို ကျင်းပခဲ့တယ်။ အဲဒီသမိုင်းတွင်တဲ့အစည်းအဝေးမှာ ဝါရှင်တန် စကားများများ မပြောဘူး။ ရေငုံနှုတ်ပိတ်နေတာ များတယ်။

ဒါပေမယ့် တစ်ယောက်ကစပြီး အမေရိကန် စစ်တပ်ရဲ့ စစ်သားဦးရေကို ၅,၀၀၀သာ ကန့်သတ်ထားကြောင်း အခြေခံဥပဒေထဲမှာ ထည့်သွင်းရေးဆွဲဖို့ အကြံပေးတယ်။

ဒီမှာတင် ဝါရှင်တန် ရေငုံနှုတ်ပိတ်မနေနိုင်တော့ဘူး။

‘ဒီလိုဆိုရင် ဘယ်နိုင်ငံခြား တိုင်းပြည်ကမှ ကျွန်ုပ်တို့ အမေရိကန်ပြည်ထောင်စုကို စစ်သား အင်အား ၃,၀၀၀ ထက်ပိုသောစစ်တပ်ဖြင့် မကျူးကျော်၊ မတိုက်ခိုက်ရဆိုတဲ့အချက်ကိုပါအခြေခံဥပဒေထဲမှာရေးထည့်လိုက်ပါ’လို့ ဒေါမာန်ပါပါ ထပြောချပစ်လိုက် လေရဲ့။

www.burmeseclassic.com

ဂျိမ်း မယ်ဒီဆင်


အမေရိကန်ပြည်ထောင်စုရဲ့စတုတ္ထမြောက်သမ္မတ

(၁၈၀၉–၁၈၁၇)

အမေရိကန်ပြည်ထောင်စုရဲ့ သမ္မတအားလုံးထဲမှာ သမ္မတဂျိမ်းမယ်ဒီဆင်ဟာ အရပ်အပုဆုံးပဲ။ ၅ပေကျော်ကျော်ပဲ မြင့်တယ်။ တစ်နေ့မှာ ဧည့်သည်တော်တစ်ဦးက သမ္မတကို ပထမဆုံးအကြိမ်အဖြစ် လာရောက် တွေ့ဆုံတယ်။ ဒီအခါမှာ သမ္မတရဲ့ အတွင်းရေးမှူးက 'သမ္မတကို မတွေ့နိုင်ပါဘူးခင်ဗျာ'လို့ ပြောလိုက်တယ်။

ဒီမှာတင် ကိုရွှေဧည့်သည် အတော့်ကိုအံ့ဩသွားပုံမျိုးနဲ့ 'ဘုရားရေ၊ သမ္မတက ဒီလောက်ကိုပုသလား' လို့ ရေရွတ်မိလိုက်သတဲ့။

www.burmeseclassic.com



www.burmeseclassic.com



အမေရိကန်ပြည်ထောင်စုရဲ့ ဒုတိယသမ္မတ ဂျွန်အဒမ်(၁၇၉၇-၁၈၀၁)ရဲ့ အကြီးဆုံးသား သမ္မတ ဂျွန်ကွင်စီအဒမ်မှာ ဘယ်တော့မှမပြောင်းလဲတဲ့ အကျင့်လေးတွေရှိတယ်။ မနက်တိုင်းလုပ်တဲ့ အလုပ်တွေကလည်း တစ်ပုံစံတည်းပဲ။ ၅နာရီမှာ အိပ်ရာထတယ်။ မီးဖိုတယ်။ သမ္မာကျမ်းစာဖတ်တယ်။ သည့်နောက်တော့ လမ်းလျှောက်ထွက်ချင်ထွက်မယ်၊ ဒါမှမဟုတ် ရေကူးသွားချင်သွားမယ်။

တစ်နေ့ ပိုတိုမက်မှာ သူရေကူးနေခိုက် သူချွတ်ထားတဲ့ အဝတ်အစားတွေ အခိုးခံလိုက်ရတယ်။ မကြာခင် သူရေကူးနေတဲ့နေရာနား လူငယ်ကလေးတစ်ယောက် ရောက်လာတယ်။ ဒီလူငယ်ကလေးဟာ အရပ်ပုပု၊ ဝဖိုင့်ဖိုင့်လူတစ်ယောက် ရေထဲကနေ ကိုယ်လုံးတီးတက်လာတာ မြင်လိုက်ရတော့ သိပ်အံ့အားသင့်သွားတယ်။ အံ့အားသင့်လို့မှ မဆုံးသေးဘူး၊ ပို

www.burmeseclassic.com
အံ့အားသင့်စရာနဲ့ သူ ဆက်ကြုံရပြန်ရော။

ဘာကြောင့်လဲဆိုတော့ ရေထဲကတက်လာသူက သူ့ကို အိမ်ဖြူတော်သွားပြီး သမ္မတအတွက်ဝတ်စုံတစ်စုံ ပို့ပေးဖို့ သမ္မတကတော်ကို သွားပြောပေးစမ်းပါကွာ လို့ ခိုင်းနေလို့ပဲပေါ့။



www.burmeseclassic.com



အမေရိကန်ပြည်ထောင်စုရဲ့သတ္တမမြောက်သမ္မတ
(၁၈၂၉–၁၈၃၇)

သမ္မတအင်ဒရူးဂျက်ဆင်ကို တောင်ကာရိုလိုင်းနား သစ်တောကြီးထဲမှာ မွေးဖွားခဲ့တယ်။ ပညာ သိပ်မတတ်ဘူး။ ကြမ်းတမ်းတဲ့စရိုက်ရှိသူ ဖြစ်တယ်။

တစ်နေ့လွှတ်တော် အမတ်တစ်ဦးက သမ္မတအင်ဒရူးဂျက်ဆင်နဲ့ တွေ့ဆုံပေးဖို့ ယဉ်ကျေးသိမ်မွေ့တဲ့ အင်္ဂလိပ်အမျိုးသမီးကြီးတစ်ဦးကို ခေါ်လာတယ်။ အဲဒီအမျိုးသမီးကြီးကို သမ္မတနဲ့ တွေ့ဆုံမပေးခင်မှာ အမတ်မင်းက ဂျက်ဆင်ကို 'အတတ်နိုင်ဆုံး ယဉ်ကျေးပါဗျာ'လို့ သတိပေးစကား ပြောလိုက်တယ်။

ဟား. . . သမ္မတဂျက်ဆင် သိပ် စိတ်ဆိုးသွားတာပေါ့။

'ဒီမှာအမတ်မင်း၊ တခြားလူတစ်ယောက်ရဲ့ အမူအရာနဲ့ပက်သက်ပြီး သတိပေးစကားပြောလို့ ရှေ့တန်းရောက်သွားတဲ့လူ တစ်ယောက်မှမရှိဘူး။ ကျုပ် ကြားလည်း မကြားဖူးဘူး'

www.burmeseclassic.com




ပြင်သစ်လူမျိုးတစ်ယောက်အကြောင်း သမ္မတဂျက်ဆင်က မကြာမကြာ ပြောလေ့ရှိတယ်။ လူဝီဘုရင်က သူ့ကိုစကားပြောဖူးကြောင်း အဲဒီပြင်သစ်က ကြွားလေ့ရှိတယ်ဆိုပဲ။

'နေစမ်းပါဦး၊ လူဝီဘုရင်က သူ့ကို ဘာတွေပြောသတဲ့လဲ'

တစ်ယောက်က မသိလို့မေးကြည့်လိုက်တဲ့အခါ နောက်တစ်ယောက်က

'ဟေ့ကောင် လမ်းဖယ်စမ်းကွာလို့ ပြောတာပါဗျာ'လို့ ရှင်းပြလိုက်သတဲ့။

www.burmeseclassic.com


သမ္မတဗင်ဘူရင်းရဲ့သား ဂျွန်ဗင်ဘူရင်းဟာ ရွေးကောက်ပွဲအတွင်းပေါ်ပေါက်တဲ့ အလိမ်လှိုင်း အညာလှိုင်းတွေနဲ့ပက်သက်ပြီး ကျော်ကြားတဲ့စာတစ်ကြောင်း ဖန်တီးခဲ့တယ်။

'စောစော မဲပေးကြ။ ခဏခဏ မဲပေးကြ'တဲ့။

♦ ♦ ♦

သမ္မတဗင်ဘူရင်းဟာ ဆန့်ကျင်ဘက်အုပ်စု နှစ်စုစလုံးက ကျေနပ်လက်ခံနိုင်တဲ့ မိန့်ခွန်းမျိုးကို ပြောလိုသူဖြစ်တယ်။ တစ်ချိန်မှာ ပြဿနာတစ်ခုနဲ့ သူရင်ဆိုင်ရတယ်။ မြောက်ပိုင်းပြည်နယ်သားများက သွင်းကုန်သိုးမွေးအပေါ် အခွန်ကောက်လိုကြတယ်။ တောင်ပိုင်းပြည်နယ်သားများက မကောက်ချင်ဘူး။ အဲဒီပြဿနာနဲ့ပက်သက်ပြီး သမ္မတက သူ လတ်တလောရင်ဆိုင်နေ

www.burmeseclassic.com



ရတဲ့ အခြေအနေကို တစ်နာရီလောက်ကြာအောင် ရှင်းပြလိုက်တယ်။

သူ့ရှင်းလင်းချက်အဆုံးမှာ နားထောင်သူတစ်ယောက်က အခြားတစ်ယောက်ကို

‘သမ္မတပြောတာတွေ ကောင်းတယ်ဗျ’

‘ဟုတ်တယ်၊ ကောင်းတယ်’

ထောက်ခံလိုက်သူက ခဏတာ စကားမဆက်ဘဲ နှုတ်ဆိတ်သွားတယ်။ နောက်မှ

‘အဲ ဒါပေမယ့် နေဦးဗျ။ ကျုပ်တို့သမ္မတက သိုးမွေးခွန်ကိစ္စနဲ့ပက်သက်ပြီး ထောက်ခံတာလား၊ ကန့်ကွက်တာလား’လို့ ဝေခွဲမရပုံမျိုးနဲ့ ပြန်မေးလိုက်သတဲ့။

www.burmeseclassic.com



သမ္မတဂျွန်တိုင်းလားဟာ သိပ်တော်တဲ့နိုင်ငံရေး သမားကြီးပါပဲ။ ဘယ်အချိန်မှာ စကားပြောရမယ်၊ ဘယ်အချိန်မှာ ရေငုံနှုတ်ပိတ်နေရမယ်၊ မှန်တာကို ဘယ်လို အတိအကျပြောရမယ်ဆိုတာတွေကို ကောင်း ကောင်းကျွမ်းတယ်။

တစ်ချိန်မှာ သတင်းထောက်တစ်ဦးက သမ္မတကို မေးသတဲ့။

'သမ္မတခင်ဗျား၊ သမ္မတအနေနှင့် တက်ဆက်ပြည် နယ်ကို အမေရိကန်ပြည်ထောင်စုရဲ့ အစိတ်အပိုင်း တစ်ခု ဖြစ်လာစေချင်ပါသလား'

ဒီလို မေးလိုက်တော့ သမ္မတ တိုင်းလားက ကောက်ကာငင်ကာပဲ

'ဒီကိစ္စမှာ ကျုပ်မိတ်ဆွေတစ်ဝက်က ထောက်ခံ တယ်။ တစ်ဝက်က ကန့်ကွက်တယ်။ ကျုပ်ကတော့ မိတ်ဆွေတွေဘက်မှာ ရပ်ရမှာပဲ'လို့ ဖြေလိုက်တယ်။

www.burmeseclassic.com


၁၈၅၀ခုနှစ်၊ ဇူလိုင်လ ၈ရက်နေ့မှာ သမ္မတဇာချရီတေလာ ကွယ်လွန်သွားတော့ ဒုတိယသမ္မတ မီးလတ် ဖီးလ်မိုး သမ္မတဖြစ်လာတယ်။

သမ္မတရာထူးကို လက်ခံပြီးနောက် သူက လှပကောင်းမွန်တဲ့ မြင်းရထားတစ်စီးဝယ်ဖို့ စိတ်ကူးဆုံးဖြတ်လိုက်တယ်။ ဒီလိုဆုံးဖြတ်ပြီးတာနဲ့ သူ့ လက်ထောက် အက်ဒဝမ်မိုရမ်းကိုခေါ်ပြီး မြင်းရထား အရှာထွက်လာခဲ့တယ်။ သူတို့ မြင်းရထားတစ်စီးကို တွေ့တယ်။ အတော်လေးကောင်းတဲ့ မြင်းရထားပါ။ ဒါပေ

www.burmeseclassic.com

မယ့် သုံးပြီးသား တစ်ပတ်ရစ်မြင်းရထား ဖြစ်နေတယ်။ ပိုင်ရှင်က ဝါရှင်တန်ကနေ အပြီးထွက်မှာမို့ ရောင်းခဲ့တာပါ။

မြင်းရထားကို မြင်လိုက်တာနဲ့ သမ္မတက မိုရမ်းကို လက်တို့ပြောတယ်ဆိုပဲ။

'သိပ်လှတယ်။ ဒါပေမယ့် သမ္မတနဲ့ တစ်ပတ်ရစ်မြင်းရထား သင့်တော်ပါ့မလား'တဲ့။

ဒီတော့ မိုရမ်းကလည်း သမ္မတနားကပ်ပြီး

'ခင်ဗျားကလည်း တစ်ပတ်ရစ်သမ္မတပဲ မဟုတ်လား။ သတိရပါဦးလေ'လို့ အသာလေး ပြန်ပက်လိုက်ပါသတဲ့။

www.burmeseclassic.com



ဖရင်ကလင်ပီယာ သမ္မတရွေးကောက်ပွဲဝင်ဖို့ ကြိုးပမ်းနေချိန်မှာ သူ့ပြိုင်ဘက်တွေက မက်ဆီကင်စစ်ပွဲအတွင်း ဖရင်ကလင်တင်ခဲ့တဲ့စံချိန်ကို လှောင်ပြောင်သရော်တဲ့အနေနဲ့ ဖရင်ကလင်ရဲ့ စစ်မှုထမ်းဘဝစာအုပ်ကို ရိုက်နှိပ် ထုတ်ဝေလိုက်ကြတယ်။ စာအုပ်က အတော့်ကို ထူးခြားတယ်။ အလျား ၁လက်မ၊ အနံ ၁/၂လက်မပဲ ရှိသတဲ့။

ဖရင်ကလင်ပီယာ သမ္မတအရွေးခံပြီးတဲ့နောက် သတင်းထောက်တချို့ ဖရင်ကလင်ရဲ့ ဇာတိမြို့ဖြစ်တဲ့ ဟမ်(ပ်)စဖီးယားပြည်နယ်၊ ဟီး(လ်)ဗိုရိုမြို့ကိုသွားကြပြီး ဒေသခံ ဆိုင်ပိုင်ရှင်တစ်ဦးနဲ့တွေ့၊ သမ္မတပီယာ့အကြောင်း မေးမြန်းစုံစမ်းကြည့်ကြတယ်။

ဒီတော့ ဆိုင်ပိုင်ရှင်က

'ကျုပ်တို့အားလုံး ဖရင်ကလင်ကို သိပါတယ်။ လူကောင်းတစ်ယောက်လို့ပဲ ကျုပ်တို့ထင်တယ်။ ဒါပေ

www.burmeseclassic.com

မယ့် ခင်ဗျားတို့ တစ်တိုင်းပြည်လုံးအနှံ့ လိုက်မေးရင် တော့ အဲ. . . တချို့နေရာတွေမှာ ကျုပ်တို့ပြောသလို ပြောကြမယ်တော့ မထင်မိဘူး’လို့ ခပ်ရှင်းရှင်း ပြော လိုက်တယ်။



www.burmeseclassic.com



အေဘရာဟင်လင်ကွန်းက သူနဲ့အကျွမ်းတဝင် သိပ်မရှိလှသေးတဲ့လူတစ်စုကို မဲဆွယ်တရားဟောတယ်။ သူ့တရားပွဲအပြီးမှာ လူတစ်ယောက်က

'ခင်ဗျားဟာ စိန့်ပီတာကိုယ်တိုင်ဖြစ်နေတောင် ကျုပ်ခင်ဗျားကို မဲမပေးဘူး'လို့ အော်တယ်။

ဒီအခါမှာ လင်ကွန်းက

'ဒီမှာမိတ်ဆွေ၊ ကျုပ်ကိုယ်တိုင် စိန့်ပီတာဖြစ်နေရင်လည်း ခင်ဗျား ကျုပ်ကို မဲပေးနိုင်တော့မှာ မဟုတ်ပါဘူး။ ဘာကြောင့်မို့လည်းဆိုတော့ ကျုပ်က ခင်ဗျားကို ဟောဒီ ကျုပ်ရဲ့ပြည်နယ်ထဲက နှင်ထုတ်လိုက်မှာ ကိုးဗျ'လို့ ရယ်ရယ်ပြုံးပြုံး ပြန်ချေပလိုက်ပါရော။

www.burmeseclassic.com



www.burmeseclassic.com

သမ္မတမဖြစ်ခင်မှာ အေဘရာဟင်လင်ကွန်း ရှေ့နေလိုက်ခဲ့သေးတယ်။ သူ့စားပွဲဘေးမှာ သူ့ဦးထုပ်မြင့်ကြီးကို ချထားလေ့ရှိတယ်ဆိုပဲ။ သူ အလုပ်လုပ်နေခိုက်မှာ စာရွက်စာတန်းတွေကို အဲဒီဦးထုပ်မြင့်ကြီးထဲ လှမ်းလှမ်းထည့်ထားတတ်သတဲ့။

အဲ ဦးထုပ်မြင့်ကြီးထဲမှာ စာရွက်စာတမ်းတွေ ပြည့်သွားပြီဆိုရင်တော့ စာရွက်စာတန်းတွေကို ကြမ်းပြင်ပေါ် သွန်ချလိုက်တယ်။ နောက် စာတိုကလေး ရေးပြီး စာရွက်စာတန်းပုံကြီးပေါ်မှာ တင်ထားလိုက်တယ်။

သူရေးထားတဲ့ စာတိုကလေးကတော့

'ဘယ်မှာမှရှာမတွေ့ရင် ဟောဒီမှာရှာပါ'တဲ့။

♦♦♦

www.burmeseclassic.com

လူတွေဟာ သူတို့ရဲ့ အားနည်းချက် အပြစ်အနာ အဆာတွေကို အမြဲတမ်း မြင်တတ်ကြတာမဟုတ်ဘူး။

ဒီအချက်ကို လင်ကွန်းက သဘောပေါက်နားလည်ထားတယ်။ ဒါကြောင့်လည်း သူက ဆပ်လယ်သမားကြီး တစ်ယောက်အကြောင်း အခါအခွင့်သင့်တိုင်း ပြောပြောပြတာပဲပေါ့။

လယ်သမားကြီးက

'ကျုပ် လောဘမကြီးပါဘူးဗျာ။ လိုချင်တာလေး တစ်ခုပဲ ရှိပါတယ်။ အဲဒါကတော့ ကျုပ်လမ်းဘေးက လယ်ကွက်ပါပဲ'တဲ့။

♦♦♦

လုပ်ဖော်ကိုင်ဖက်ရှေ့နေ ဝပ်လာမွန်က အေဘရာဟင်လင်ကွန်းနဲ့အတူ တရားရုံးမသွားခင်လေးမှာ သူ့ဘောင်းဘီနောက်ပိုင်းကို သူ့ဟာသူ ဆွဲဖြဲလိုက်သတဲ့။ တခြားရှေ့နေတစ်ယောက်က ဝပ်လာမွန်အတွက် ဘောင်းဘီသစ်တစ်ထည်ဝယ်ပေးဖို့ အလှူခံစာရေးပြီး ရှေ့နေတွေဆီမှာ အလှူခံတယ်။ အဲဒီအလှူခံစာရွက် လင်ကွန်းဆီရောက်လာတော့

'ဒီကိစ္စနဲ့ပက်သက်ပြီး ကျုပ် ဘာမှမထည့်ဝင်နိုင်ဘူး'လို့ စာကောက်ရေးပြီး ပေးလိုက်ပါသတဲ့။

♦♦♦

www.burmeseclassic.com

လင်ကွန်း သမ္မတ ဖြစ်နေစဉ်မှာ လူတချို့က ပြောတယ်။

‘ရိုးသားပါတယ် ဆိုတဲ့ အေဘရာဟင်လင်ကွန်းတောင် တစ်ခါတစ်ခါကျတော့ လိမ်ပြောသေးတာပဲ။ အမှန်တော့ လင်ကွန်းဟာ မျက်နှာနှစ်ဖက်ရှိတဲ့လူ‘တဲ့။

ဒီတော့ လင်ကွန်းက သူ့ကိုဝေဖန်ပြောဆိုကြသူတွေထဲက တစ်ယောက်ကို

‘ကျုပ်မှာ နောက်ထပ်မျက်နှာတစ်ဖက် ရှိတယ်ပဲထား။ အဲဒီမျက်နှာတစ်ဖက်ကို ကျုပ် အသုံးချမယ်လို့ ထင်သလား‘လို့ မေးလိုက်ပါသတဲ့။

♦♦♦

လင်ကွန်းက အရပ်သိပ်ကိုမြင့်တယ်။ သံချောင်းလိုလည်း ပိန်တယ်။ လုံးဝကြည့်ကောင်းသူတစ်ဦးတော့ မဟုတ်ဘူး။ တစ်နေ့မှာ လူတစ်ယောက်က လင်ကွန်းကိုပြောလာတယ်။

‘ခင်ဗျားဟာ ကိုယ်ထူးကိုယ်ချွန်သမားလို့ ကျွန်တော်ကြားဖူးတယ်’

ဒီတော့ လင်ကွန်းက

‘ပြောကြတာပါပဲဗျာ’လို့ လိုက်လျောညီထွေ ပြန်ပြောလိုက်တယ်။

www.burmeseclassic.com

လင်ကွန်းစကားကြားလိုက်တော့ အဲဒီလူက လင် ကွန်းကို ခြေဆုံးခေါင်းဆုံး တစ်ချက်ကြည့်လိုက်ပြီး

'ဒါပေမဲ့ ခင်ဗျားဟာ ကောင်းတဲ့အလုပ်ကို လုပ်ခဲ့တာတော့ မဟုတ်သေးဘူးဗျ။ ဟုတ်တယ်မဟုတ်လား' လို့ မထီလေးစား ကောက်ချက်ချလိုက်သတဲ့။

♦♦♦

လင်ကွန်း ငယ်ရွယ်နုပျိုစဉ်က အနက်ရောင် သိန်းငှက်စစ်ပွဲမှာ ပါဝင်တိုက်ခိုက်ခဲ့တယ်။ သူပါဝင်တဲ့ တပ်ဖွဲ့ကို အရပ်သိပ်ပုလွန်းတဲ့စစ်ဗိုလ်က ခေါင်းဆောင်တယ်။ တစ်ချိန်မှာ အဲဒီအရပ်ပုပုစစ်ဗိုလ်က အရပ် ၆ပေ၊ ၄လက်မရှိတဲ့ လင်ကွန်းကို အော်ဟစ်အမိန့်ပေးလိုက်တယ်။


'ဟေ့အရှည်ကြီး၊ မတ်တပ်ရပ်စမ်း'

ထိုင်နေရာကနေ မတ်တပ်ရပ်ဖို့ပြင်လိုက်တဲ့ လင်ကွန်းက လုံးဝမတ်တပ်မရပ်မိခင်မှာ ကုန်းကွကွပုံစံ အနေအထားနဲ့

'နှုတ်ဆက်ခဲ့ပါတယ် ကပ္ပတိန်၊ ကပ္ပတိန်ကို နောင် ကျွန်တော် ရှာမတွေ့မှာ သိပ်စိုးရိမ်မိပါတယ်'လို့ ပြောလိုက်သတဲ့။

♦♦♦

www.burmeseclassic.com



www.burmeseclassic.com

သမ္မတလင်ကွန်းအဆိုအရ မဟာမိတ်စစ်တပ်ထဲမှာ စစ်သားဦးရေတစ်သန်းကျော်ရှိတယ်လို့ သိရတယ်။ လင်ကွန်းပြောပြတာတွေကို နားထောင်နေသူတစ်ယောက်က အဲဒီကိန်းဂဏန်းကို ဘယ်လိုလုပ်သိသလဲလို့ မေးကြည့်လိုက်တယ်။ လင်ကွန်းက

'ပြည်ထောင်စုစစ်တပ်ထဲမှာ စစ်သားလေးသိန်းရှိတာ ကျုပ်သိတယ်။ အဲ ကျုပ်တို့တိုက်ပွဲတစ်ပွဲရှုံးတိုင်း ကျုပ်တို့ဗိုလ်ချုပ်က စစ်သားသုံးဆနည်းသွားတယ်လို့ ပြောပြတယ်လေ။ လေးသိန်းရဲ့သုံးဆဟာ တစ်သန်းကျော်ပဲပေါ့။ မဟုတ်လား'လို့ ရှင်းပြလိုက်တယ်။

♦♦♦

နှစ်ရှည်ဖြစ်နေတဲ့ ပြည်တွင်းစစ်ကာလအတွင်းမှာ ဗိုလ်ချုပ်မက်ကလီတန် တိုက်ပွဲတစ်ပွဲမှ မတိုက်လိုက်ရဘူး။ ဒါကို လင်ကွန်းကသိလို့ နောက်ပိုင်းမှာ စာတိုကလေးရေးပြီး မက်ကလီလန်ဆီ ပို့ပေးလိုက်တယ်။

ကျွန်ုပ်၏ချစ်လှစွာသော မက်ကလီလန်ခင်ဗျား

အကယ်၍ စစ်တပ်ကိုအသုံးမပြုဘူးဆိုလျှင် ကျွန်ုပ် ခဏငှားလိုပါတယ်။

လေးစားစွာဖြင့်

**အေဘရာဟင်လင်ကွန်း**

♦♦♦

www.burmeseclassic.com

ပြည်တွင်းစစ် ဖြစ်နေစဉ်ကာလအတွင်းမှာ စစ်ပွဲကိုနိုင်အောင် ဘယ်လိုတိုက်ရမယ်လို့ သမ္မတလင်ကွန်းကို အကြံပေးတဲ့ဆောင်းပါးရှည်ကြီးတွေ သတင်းစာမှာပါလာတယ်။ အဲဒီဆောင်းပါးရှည်ကြီးတွေကို တုံ့ပြန်တဲ့အနေနဲ့ သမ္မတလင်ကွန်းက မုန်တိုင်းကျတဲ့ လမိုက်တစ်ညမှာ မြင်းစီးခရီးသွားရင်း လမ်းစပျောက်နေတဲ့လူတစ်ယောက်အကြောင်း ပြောပြလိုက်တယ်။

အဲဒီမြင်းစီးခရီးသွားဟာ ကြောက်စရာကောင်းလောက်အောင် မုန်တိုင်းကျနေချိန်မှာ လမ်းစပျောက်နေတယ်။ မိုးကြိုးတစ်ချက်ပစ်လိုက်ရင် မြေကြီးသိမ့်သိမ့်ခါသွားတယ်။ ဒါပေမယ့် လျှပ်စီးတစ်ချက် ပြက်လိုက်တဲ့အခါမှာတော့ သူသွားနေတဲ့လမ်းကို မြင်လိုက်ရတယ်။

နောက်တစ်ကြိမ် မိုးကြိုးတစ်ချက် ပစ်လိုက်တဲ့အခါ မြင်းစီးခရီးသည်က မြင်းပေါ်ကဆင်းပြီး ဒူးထောက် ဆုတောင်းလိုက်ပါသတဲ့။

'လေးစားရပါသော အရှင်မြတ်၊ ကျွန်ုပ်ကို ကိုယ်ချင်းစာနာပြီး ထောက်ထားမည်ဆိုပါလျှင် အလင်းရောင်နည်းနည်းလေးပိုပေးပြီး အသံနည်းနည်းလေးလျှော့လိုက်စေချင်ပါသည်'တဲ့။

♦♦♦

www.burmeseclassic.com



www.burmeseclassic.com

ဗိုလ်ချုပ်ဂျော့ဘီမက်ကလီလန်က တိုင်းပြည်ကို ဘယ်နည်းဘယ်ပုံ အုပ်ချုပ်သွားရမယ်လို့ အောဘရာ ဟင်လင်ကွန်းကို အမြဲ ပြောပြောနေလေ့ရှိပါသတဲ့။ ဒီတော့ လင်ကွန်းမိတ်ဆွေတစ်ယောက်က

'သူပြောတာတွေနဲ့ပက်သက်ပြီး ခင်ဗျားဘာတွေ လုပ်မလဲ'လို့ မေးကြည့်တယ်။

'လောလောဆယ်တော့ ဘာမှမလုပ်သေးဘူး'

မလုပ်သေးဘူးလို့ ဖြေလိုက်ပေမယ့် သမ္မတလင် ကွန်းအတွက်တော့ အကြောင်းဆိုက်တိုင်း ထုတ်ပြောဖို့ ဇာတ်လမ်းတစ်ပုဒ် ရသွားတယ်လို့ ဆိုပါတယ်။

အဲဒီဇာတ်လမ်းကတော့

'ကောင်းဘွိုင်တစ်ယောက်က မြင်းစီးနေတယ် ဗျာ။ တစ်ချိန်ကျတော့ မြင်းကလန့်ပြီး ရုတ်တရက် ကန် လိုက်တယ်။ ဒီမှာတင် မြင်းခြေဟာ ခြေနင်းကွင်းထဲ စွတ်ဝင်သွားပါလေရော။ ဒါပေမဲ့ မြင်းက အသွားမရပ် ဘူး။ ဒီအခါမှာ ကောင်းဘွိုင်က တစ်ချက်ငုံ့ကြည့်ပြီး 'အေး မင်းဒီပုံအတိုင်းသာ ဆက်သွားနေရင် ငါလိမ့်ကျ တော့မှာပဲ'လို့ ပြောလိုက်သတဲ့။

♦♦♦

www.burmeseclassic.com

လင်ကွန်းရဲ့အကြံပေးပုဂ္ဂိုလ်တချို့က ကျွန်အားလုံး လွတ်လပ်ကြပြီလို့ 'ပြောပြတဲ့' ကြေညာချက်တစ်စောင်ထုတ်ပြန်ဖို့ တိုက်တွန်းပြောဆိုကြတယ်။ ဒီတော့ သမ္မတလင်ကွန်းက သူတို့လွတ်လပ်ကြပြီလို့ 'ပြောရုံ'နဲ့တော့ သူတို့ကို လွတ်လပ်သွားအောင် 'ဖန်တီးပြုလုပ်ပေးရာ မကျပါဘူး'လို့ တုံ့ပြန်ပြောဆိုလိုက်တယ်။

လင်ကွန်းကဆက်ပြီး ဥပမာထုတ်ပြန်တယ်။

'သိုးတစ်ကောင်ရဲ့အမြီးကို ခင်ဗျားတို့က ခြေထောက်တစ်ချောင်းလို့ခေါ်မယ်ဆိုရင် သိုးမှာ ခြေထောက်ဘယ်နှချောင်း ရှိမလဲ'

'ငါးချောင်းရှိမှာပေါ့'

'မဟုတ်ဘူး။ သိုးတစ်ကောင်မှာ ခြေထောက်လေးချောင်းပဲရှိတယ်။ အမြီးတစ်ချောင်းကို ခြေထောက်ပါလို့ 'ပြောရုံ'နဲ့ အဲဒီအမြီးတစ်ချောင်းက ခြေထောက်ဖြစ်မသွားဘူးလေ'

♦♦♦

www.burmeseclassic.com

သမ္မတလင်ကွန်းက လူတွေဟာ လေလုံးမထွားသင့်ဘူး၊ ဘဝင်မကိုင်သင့်ဘူး၊ ကိုယ့်ကိုယ်ကိုယ် အထင်မကြီးသင့်ဘူးလို့ ယုံကြည် လက်ခံထားပါတယ်။ သူ့ယုံကြည်ချက်အတွက် သူက

'ရန်သူနဲ့တွေ့တဲ့အခါ အနံ့ဆိုးလှတတ်တဲ့ အမွေးစုတ်ဖွား ရှဉ့်သတ္တဝါဟာ သူ့ကို လူသိများအောင် လုပ်လွန်းလို့ နောက်ဆုံးမှာ အသက်ဆုံးရှုံးရတာပဲ မဟုတ်လား'လို့ နမူနာထုတ်ပြလိုက်ပါတယ်

♦♦♦

သမ္မတလင်ကွန်းနဲ့ ပတ်သက် ဆက်နွှယ်နေတဲ့ ဟာသတွေကတော့ ခုထိ ပြောလို့မဆုံးနိုင်ကြသေးဘူး။ မနေ့ကပဲ မိခင်တစ်ဦးက ကြွားလုံးထုတ်လိုက်သေးတယ်လေ။ ဘာတဲ့၊ ကြော်. . .

'ကျွန်မသား ဂျော်နီက လင်ကွန်းထက် ပိုတော်တယ်ရှင့်။ လင်ကွန်းက ဂက်တီစဘတ်လိပ်စာကို သူ့အသက် ၅၀ပြည့်မှပေးနိုင်တာ။ ဒါပေမယ့် ကျွန်မသား ဂျော်နီကတော့ သူ့အသက် ၁၀နှစ်သားကတည်းက ပေးလိုက်ပါရောလား'တဲ့လေ။

♦♦♦

www.burmeseclassic.com


သမ္မတအင်ဒရူးဂျက်ဆင် အစိုးရအဖွဲ့ထဲမှာ ရန်သူတွေ အများကြီးပဲ။ တစ်နေ့ သူက လွှတ်တော်အမတ်အချို့ကို သူ့အခြေအနေရှင်းပြဖို့ ကြိုးစားရင်း ရုတ်တရက် မေးခွန်းတစ်ခု ဖြတ်မေးလိုက်တယ်။

'ဒါထက် ခင်ဗျားတို့ ကျုပ်ရဲ့နောက်ဆုံးမိန့်ခွန်းကို ကြားလိုက်ရဲ့လား'

သူ့အမေးကို အမတ်တစ်ယောက်က အောက်ပါအတိုင်း မပြောချင်ပြောချင်နဲ့ ပြောလိုက်တယ်။

'အင်း. . . ကြားလိုက်တယ်ထင်တာပဲ'တဲ့။

www.burmeseclassic.com



သမ္မတယူလစ်စစ်အက်စ်ဂရန့်က သူ တေးသွား နှစ်မျိုးကိုသာ သိတယ်လို့ ကြွားလုံးထုတ်ခဲ့ဖူးတယ်။

'တစ်မျိုးက ယန်းကီးဒူးဒဲဒန်ဒီနဲ့ ကျန်တစ်မျိုးက တော့ ယန်းကီးဒူးဒဲဒန်ဒီမဟုတ်တဲ့ တေးသွားပဲ'တဲ့။

www.burmeseclassic.com


ဒီဇာတ်လမ်းက အမှန်ဖြစ်ချင်မှလည်း ဖြစ်မယ်။ ဒါပေမဲ့ သမ္မတချက်စတာအာသာဟာ အကျဉ်းထောင်တစ်ခုကို သွားရောက်လည်ပတ် ကြည့်ရှုခဲ့တယ်လို့တော့ ပြောကြတာပါပဲ။ ကြည့်ရှုစစ်ဆေးပြီးတဲ့အခါ စကားအနည်းငယ်ပြောဖို့ သူ့ကို ပန်ကြားကြသတဲ့။ ဒီတော့ သမ္မတက

'ကျွန်ုပ်ရဲ့အပေါင်းပါ နိုင်ငံသားများ . . .'လို့ စလိုက်တယ်။ ဒါပေမဲ့ သူရှေ့မဆက်တော့ဘူး။ ဘာကြောင့်လဲဆိုတော့ အဲဒီခေတ်က အကျဉ်းကျခံနေရရင် ခံရသူဟာ နိုင်ငံခြားသားအဖြစ်ကို စွန့်လွှတ်လိုက်ရတဲ့အတွက်ပဲ။ အဲဒီအချက်ကို အမှတ်ရပြီး သမ္မတက ပြင်နှုတ်ခွန်းဆက်လိုက်တယ်။

www.burmeseclassic.com

'ကျွန်ုပ်ရဲ့အပေါင်းပါ အကျဉ်းကျခံများ. . .'

ဟာ. . . ဒါကြီးကလည်း သိပ်တော့မနိပ်လှသေးပါဘူး။ သမ္ဘတက အတော်လေးခေါင်းခြောက်နေပုံပဲ။ ဒါပေမဲ့ ကံအားလျော်စွာ နောက်ဆုံးမှာ ထွက်ပေါက်ကလေး ရသွားပါသတဲ့။

'အေးဗျာ. . . ဘာပဲဖြစ်ဖြစ်၊ ခင်ဗျားတို့ ဒီနေရာမှာ စုစုဝေးဝေး အများကြီးရောက်နေတာကို တွေ့ရမြင်ရလို့ ကျုပ် ဝမ်းသာမိသွားပါတယ်'တဲ့။

www.burmeseclassic.com


သမ္မတ ဂရိုဗာကလိဖ်လန်းဟာ တစ်နေ့တော့ သူငယ်ချင်းနှစ်ယောက်နဲ့ ငါးမျှားထွက်တယ်။ ငါးမျှား မသွားခင် သူတို့သဘောတူထားတာ တစ်ခုရှိတယ်။ ငါးတစ်ကောင်ကို အရင်ရအောင်မျှားနိုင်သူက ကျန် နှစ်ယောက်ကို ညစာကျွေးရမယ်ဆိုတာပေါ့။

နောက်ပိုင်းမှာ သမ္မတကလိဖ်လန်းက သူ့ သူ ငယ်ချင်းနှစ်ယောက်ဟာ လုံးဝ မတရားဘူးလို့ပြစ်တင် ညည်းညူပြောဆိုပါသတဲ့။

'သူတို့နှစ်ယောက်စလုံး ငါးကိုမိထားကြတယ်ဗျ။ ဒါပေမယ့် ငါးကို ဆွဲမယူကြဘူး'

'ဒီတော့ ခင်ဗျားကပဲ သူငယ်ချင်းနှစ်ယောက်ကို ညစာ ကျွေးလိုက်ရရောမဟုတ်လား'

www.burmeseclassic.com

သမ္ဗုတပြောတာကို နားထောင်နေသူတစ်ယောက်က ထင်ကြေးနဲ့ ဖြတ်မေးလိုက်တယ်။

'ဘယ်ဟုတ်မလဲဗျ။ ကျုပ်ကလည်း ငါးမျှားချိတ်မှာ ငါးစာတပ်မထားဘူးလေ'လို့ ပြုံးပြီးပြန်ဖြေလိုက်လေရဲ့။

♦♦♦

သမ္ဗုတကလိ(ဖ်)လန်းဟာ ဆီးနိတ်နဲ့ အမြဲအတိုက်အခံလုပ်နေရသတဲ့။ ဒါပေမဲ့ သမ္ဗုတက လွှတ်တော်ကိုယ်စားလှယ်အဖွဲ့နဲ့တော့ အတော့်ကို ပုလဲနံပသင့်တယ်လို့ ဆိုတယ်။

တစ်ည သူ နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်မောကျနေချိန်မှာ သမ္ဗုတကတော်က သူ့ကို လှုပ်နှိုးလက်ပြီး

'အထဲမှာ သူခိုးတွေဝင်နေကြပြီ'လို့ တိုးတိုးလေးပြောပြလိုက်တယ်။ ဒီတော့ သမ္ဗုတက

'ဟာ မဖြစ်နိုင်ဘူးအချစ်ရဲ့၊ သူခိုးတွေက ဆီးနိတ်ထဲမှာပဲရှိတာ။ လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ထဲမှာ မရှိဘူး'လို့ အိပ်မှုန်စုံမွှား ပြောပြလိုက်ပါသတဲ့။

♦♦♦

www.burmeseclassic.com



www.burmeseclassic.com

သမ္မတကာလီဖ်လန်းဟာ စီးပွားရေးကျဆင်းတဲ့ ၁၈၉၃ခုနှစ်အတွင်း ပေါ်ထွက်လာတဲ့ အနိဋ္ဌာရုံတွေကို မသိဘူးလို့ အမေရိကန်အများစုက ယူဆကြတယ်။ အောက်ဖော်ပြပါဇာတ်လမ်းလေးကတော့ အဲဒီအချိန်မှာ အတော့်ကို ခေတ်စားခဲ့တာအမှန်ပဲ။

'အလုပ်လည်းမရှိ ငွေလည်းတစ်ပြားမှမရှိတဲ့ လူတစ်ယောက်ဟာ တစ်နေ့ အိမ်ဖြူတော်ထဲ ရောက်လာသတဲ့။ ဒီလူဟာ အိမ်ဖြူတော်ဝင်းထဲဝင်မိတာနဲ့ ဒူးထောက်ထိုင်ချလိုက်ပြီး မြက်ပင်တွေကို ဝါးစားတယ်ဆိုပဲ။

ဒီအချင်းအရာကို သမ္မတကမြင်တော့

'ကျွန်တော် သိပ်ကိုဆာနေပါတယ်။ စားစရာလည်း ဘာမှမရှိပါဘူး'

သူ့အဖြေကြားလိုက်တော့ သမ္မတကာလီဖ်လန်းခဏ တွေစဉ်းစားတယ်။ နောက်မှ

'အဲဒီလိုဆိုရင် အိမ်ဖြူတော်နောက်ဘက်ကို မင်းသွားရောပေါ့။ အဲဒီက မြက်တွေက ပိုသန့်တယ်ကွ'လို့ အကြံကောင်းပေးလိုက်သတဲ့လေ။

www.burmeseclassic.com

ဝီလျံ မက်ကင်လေး

အမေရိကန်ပြည်ထောင်စုရဲ့၂၅ယောက်မြောက်သမ္မတ

(၁၈၉၇–၁၉၀၁)


သမ္မတဝီလျံမက်ကင်လေးက ကမ္ဘာလှည့်ခရီးသည် တစ်ဦးကို ဝါရှင်တန်ဒီစီကို လှည့်ပတ်ပြသတဲ့ အချိန်ကာလနဲ့ ပက်သက်ဆက်နွယ်နေတဲ့ ဟာသဇာတ်လမ်းလေးတစ်ပုဒ် ရှိတယ်။ သမ္မတက ပိုတိုမက်မြစ် တစ်ဖက်ကမ်းရောက်အောင် ဒေါ်လာတစ်ပြားကို ဂျော့ ဝါရှင်တန်ပစ်လိုက်တဲ့နေရာလို့ ယူဆတဲ့နေရာကို ညွှန်ပြရင်း ရှင်းပြသတဲ့။

ဒီတော့ ကမ္ဘာလှည့်ခရီးသည်က သိပ်အံ့ဩသွားပြီး

'ဟား၊ အဲဒီခေတ်က ဒေါ်လာတစ်ပြားဟာ ဒီလောက်အထိကို ရောက်တယ်နော်'လို့ မှတ်ချက်ချလိုက်ပါရောတဲ့။

♦ ♦ ♦

www.burmeseclassic.com



ပရင်ပစတန်နဲ့ ယှေးလ်ကစားကြတဲ့ ဘောလုံးပွဲဟာ သမ္မတမက်ကင်လေး ပထမဆုံးကြည့်ဖူးတဲ့ ဘောလုံးပွဲပဲ။ ဒီပွဲကြည့်ပြီး နောက်ပိုင်းမှာ သမ္မတက စိတ်ပျက်ပြီး ညည်းတယ်။

'ကစားပွဲမှမဟုတ်တာဗျာ။ တစ်ယောက်နဲ့တစ်ယောက် တွန်းလိုက်တိုက်လိုက်နဲ့ ဘောလုံးကစားရမယ့် အစား တစ်ချိန်လုံး ရန်ဖြစ်နေကြတာပဲ'လို့လည်း ပြောလိုက်သေးရဲ့။

www.burmeseclassic.com



သမ္မတသီအိုဒိုရုစဗဲ့ဟာ စိတ်လှုပ်ရှားစရာတွေ၊ စွန့်စားမှုတွေကို အမြဲ ရှာဖွေနေသူဖြစ်တယ်။ တစ်ခါမှာ ဧည့်သည်အမျိုးသမီးကြီးတစ်ဦးက သမ္မတကို 'သမ္မတအနေနဲ့ တိုင်းပြည်ကို စစ်ထဲဆွဲသွင်းလိမ့်မယ်လို့ မထင်ကြောင်း' ပြောပြတယ်။ ဒီအခါမှာ သမ္မတက ခုန်ထလိုက်ပြီး

'ဘာဗျ၊ ကျုပ်ကို စစ်ဖြစ်အောင်လုပ်ခိုင်းပြီး ကျုပ်က အဲဒီစစ်နဲ့အတူ ဟောဒီအိမ်ဖြူတော်မှာ ပိတ်လှောင်ခံနေရမှာလား။ အဲဒီလို ဘယ်တော့မှ အဖြစ်မခံဘူး'လို့ ဒေါနဲ့မောနဲ့ ပြန်ပြောလိုက်ပါသတဲ့။

www.burmeseclassic.com

ဝီလျံ ဒ်ိတ်ချ် တပ်ဖ်
အမေရိကန်ပြည်ထောင်စုရဲ့ ၂၇ ယောက်မြောက်သမ္မတ
(၁၉၀၉-၁၉၁၃)

ဝီလျံဟောင်းဝပ်တပ်ဖ်ဟာ ရီပတ်ဘလီကန် ဖြစ်တယ်။ မဲဆွယ်တရားဟောအပြီးမှာ သူက သူ့ကို မဲပေးကြဖို့ လူတိုင်းကို မေတ္တာရပ်ခံတယ်။ ဒီတော့ လူ တစ်ယောက်က ထရပ်လိုက်ပြီး 'ကျွန်တော် မပေးနိုင်ဘူး' လို့ ကြေညာလိုက်တယ်။

'ဘာဖြစ်လို့ မပေးနိုင်တာလဲဗျ'

သမ္မတက မေးကြည့်တော့

'ကျွန်တော့်အဖေနဲ့ အစ်ကိုက ဒီမိုကရက်တွေပဲ။ ကျွန်တော်လည်း ဒီမိုကရက်ပဲပေါ့'

'မဟုတ်သေးဘူးလေဗျာ။ တကယ်လို့ ခင်ဗျားတို့ အားလုံး မြင်းသူခိုးတွေဖြစ်နေရင် ဘယ်လိုလုပ်မလဲ'

'အဲဒီလိုဆိုရင်တော့ အင်း. . . ကျွန်တော်ထင်တယ်။ ကျွန်တော်တို့အားလုံး ရီပတ်ဘလီကန်တွေ ဖြစ်သွားကြမှာပဲ'

www.burmeseclassic.com

တခြားသမ္မတတွေထက် သမ္မတဝီလျံဟောင်းဝပ်တပ်ဖ်က ဝိတ်ပိုများတယ်။ သူ့ဝိတ်က ပေါင်၃၃၀ရှိတယ်။ သမ္မတအဖြစ် အရွေးမခံရခင်တုန်းက သူဟာဖိလစ်ပိုင်နိုင်ငံဆိုင်ရာ ဘုရင်ခံချုပ်ဖြစ်ခဲ့တယ်။ ဒါကြောင့် သူ့အနေနဲ့ စစ်ရုံးအတွင်းရေးမှူး အီလီဟူရုထ်ဆီကို သတင်းတွေ ပုံမှန်ပို့ပေးရတယ်။ သူပို့ပေးလိုက်တဲ့သတင်းတစ်ပုဒ်ရဲ့ အောက်ခြေမှာ တပ်ဖ်က 'ဒီနေ့ အကြာကြီး မြင်းစီးပစ်လိုက်တယ်။ ကောင်းလိုက်တာဗျာ'လို့ ရေးပေးလိုက်တယ်။ ဒီစာတိုလေးကိုဖတ်ပြီး ရုထ်က စာလုံးနှစ်လုံးသာပါတဲ့စာလေး ပြန်ရေးပို့လိုက်တယ်လေ။

'မြင်းရော'တဲ့။

♦ ♦ ♦

www.burmeseclassic.com




www.burmeseclassic.com

သမ္မတတပ်ဖ် ခန္ဓာကိုယ် ကြီးမားလွန်းတာနဲ့ ပက်သက်တဲ့ဇာတ်လမ်းတစ်ပုဒ် ရှိပါသေးတယ်။ တစ်နေ့ မြောက်ကာရိုလိုင်းနားကမ်းခြေမှာ သမ္မတ ရေကူးနေတယ်။ အဲဒီအချိန်မှာပဲ ကမ်းခြေနားမှာနေတဲ့ လူကလေးတစ်ယောက်ကလည်း ရေကူးဖို့ရောက်လာတယ်။ သူဟာ ရေထဲခုန်ဆင်းမယ်လုပ်ပြီးကာမှ ပြန်လှည့်ပြီးပြေးထွက်သွားသတဲ့။ ပြေးထွက်သွားတဲ့ အဲဒီ လူကလေးက ဘာပြောလိုက်သလဲဆိုရင်

'ကျွန်တော် ရေထဲမဆင်းရဲဘူး။ သမ္မတက သမုဒ္ဒရာကြီးကို အသုံးချနေတယ်'တဲ့။

♦♦♦

www.burmeseclassic.com



သမ္မတတပ်ဖ်ဟာ ဝါရှင်တန်မှာတော့ အယဉ်ကျေးဆုံးပုဂ္ဂိုလ်အဖြစ် ကျော်ကြားလှပါတယ်။ မီးရထားတစ်စင်းပေါ်မှာ အမျိုးသမီး ၃ယောက်ကို သူထိုင်တဲ့နေရာ ဖယ်ပေးဖူးပါသတဲ့။

www.burmeseclassic.com

ဝုဒရိုး ဝီလ်ဆင်

အမေရိကန်ပြည်ထောင်စုရဲ့၂၈ယောက်မြောက်သမ္မတ

(၁၉၁၃–၁၉၂၁)

သမ္မတဖြစ်မလာခင်က ဝုဒရိုးဝီလ်ဆင်ဟာ နယူးဂျာစီပြည်နယ်ရဲ့ ဘုရင်ခံ ဖြစ်ခဲ့တယ်။ သူ ဘုရင်ခံအဖြစ် အမှုထမ်းနေစဉ်မှာ နယူးဂျာစီပြည်နယ်အထက်လွှတ်တော်တစ်ဦး သေဆုံးသွားတယ်။ အဲဒီလိုသေဆုံးပြီး နာရီပိုင်းအတွင်းမှာ နိုင်ငံရေးသမားတစ်ယောက်က ဘုရင်ခံဆီ ပေါက်ချလာရော။ အဲ သူက 'သေသွားတဲ့ အထက်လွှတ်တော်အမတ် တစ်နေရာကို ကျွန်တော်လိုချင်ပါတယ်'လို့ ပြောသတဲ့။

အထက်လွှတ်တော်အမတ် အလောင်းတောင် မြေမကျသေးဘူး၊ နိုင်ငံရေးသမားတစ်ယောက်က အခုလို ရာထူးလာတောင်းတော့ ဘုရင်ခံဝီလ်ဆင် အတော်တုန်လှုပ်သွားတာအမှန်ပဲ။ ဒါပေမယ့် ဝီလ်ဆင်က စိတ်ကိုထိန်းပြီး

'အေးဗျာ၊ သုဘရာဇာက ကျေနပ်ရင်ပြီးတာပါပဲ။ ကျုပ်အနေနဲ့ကတော့ ဘာမှပြောစရာ မရှိပါဘူး'လို့ ပြန်ပြောလိုက်တယ်။

♦♦♦

www.burmeseclassic.com

သမ္မတဝီလ်ဆင် အကြိုက်ဆုံး အသောကဗျာ လေး တစ်ပုဒ်ရှိပါတယ်။

*အဲဒီအသောကဗျာလေးကတော့*
*အလှမှာ ကျွန်တော်ကြွယ်ပွင့် မဟုတ်နိုင်ရှာ*
*ကျွန်တော့်ထက် အများကြီးပိုလှသူတွေ*
*ရေတွက်မကုန်နိုင်ပါ။*
*ကျွန်တော့်မျက်နှာ အကျည်းတန်ပြီး*
*ကျွန်တော် အမှုမထားပါ*
*မျက်နှာနောက်မှာ ကျွန်တော်ရှိနေတာ။*
*ကျွန်တော်ကြောက်တာ*
*ကျွန်တော့်ရှေ့က လူတွေလိုသာ။*

www.burmeseclassic.com



နာမည်ကြီး ရှေ့နေကြီး ကလားရင့်ဒါရိုးက သမ္မတဝါရင်းဟာဒင်ကို လုံးဝမကြိုက်ဘူး။ ဒီတော့ သူမကြိုက်တာကို ဒါရိုးက ဟောဒီလို အလင်္ကာမြောက်စွာ ပြောပြလိုက်တယ်။

'ကျုပ်ငယ်ငယ်က လူတိုင်း သမ္မတဖြစ်နိုင်တယ်လို့ ကျုပ်ကိုပြောကြတယ်။ အဲဒီတုန်းကမယုံဘူး။ အင်းအခုတော့ ယုံရမလိုဖြစ်နေပြီဗျို့။

www.burmeseclassic.com


သမ္မတကာလ်ဗင်ကူးလစ်ဟာ သိပ်စကားနည်းတယ်။ တနင်္ဂနွေတစ်နေ့မှာ သူ ဘုရားကျောင်းသွားတယ်။ သူ့မိန်းမ ဂရေ့စ်ကတော့ အိမ်မှာပဲနေရစ်ခဲ့သတဲ့။ အဲ သူ အိမ်ပြန်ရောက်တော့ ဂရေ့စ်က 'ဘယ့်နှယ့်လဲ၊ တရားဟောတာ ကောင်းရဲ့လား'လို့ ဆီးမေးလိုက်တယ်။

ဒီတော့ ကူးလစ်က တိုတိုပဲဖြေတယ်။

'ကောင်းတယ်'

'ဘာအကြောင်းဟောတာလဲ'

'အပြစ်အကြောင်း'

'ဘုန်းတော်ကြီးက အပြစ်နဲ့ပတ်သက်ပြီး ဘာပြောလဲ'

'သူဟာ အပြစ်နဲ့ အတိုက်အခံပဲတဲ့'

♦♦♦

www.burmeseclassic.com



www.burmeseclassic.com

သမ္မတကူးလစ်က တစ်ခါတော့ ဟားမောင့်က သူ့ မိတ်ဆွေဟောင်းတွေကို အိမ်ဖြူတော်ဖိတ်ပြီး ညစာ ကျွေးတယ်။ ဧည့်သည်တွေက ဒီလို ပုံစံတကျ စားရ သောက်ရမယ့်ပွဲမျိုးမှာ သူတို့အပြုအမူတွေမှားယွင်းပြီး ရှိုင်းရာကျမှာ သိပ်စိုးရိမ်နေကြတယ်။ ဒါကြောင့် သမ္မတ အရိပ်အခြေကို မသိမသာကြည့်ပြီး ပြုမူကြဖို့ သဘောတူဆုံးဖြတ်လိုက်ကြတာပေါ့။

အဲ ညစာစားပြီးတဲ့အချိန်အထိ အားလုံး ချော ချောမောမောပါပဲ။ ဒါပေမယ့် ကော်ဖီသောက်ကြတော့ သမ္မတက ကော်ဖီရည်တချို့ကို အောက်ခံပန်းကန်ထဲ လောင်းထည့်လိုက်သတဲ့။ ဧည့်သည်တွေကလည်း သမ္မတလုပ်သလို လိုက်လုပ်ကြတာပေါ့။

နောက် သမ္မတက ကော်ဖီရည်ထဲ နွားနို့နဲ့သကြား ထည့်ပြန်တယ်။ ဒီတစ်ကြိမ်မှာလည်း ဧည့်သည်တွေက သူ့အတု ခိုးကြပြန်တာပဲ။

နောက်ဆုံးမှာ ကူးလစ်က ဧည့်သည်တွေ ကြက် သေသေသွားစေတဲ့ အပြုအမူတစ်ခုကို လုပ်လိုက်ပါ ရော။ ဘာလဲဆိုတော့ ကော်ဖီအောက်ခံပန်းကန်ကိုယူ၊ သူ့ခန္ဓာကိုယ်ကြီးကို ကိုင်းညွှတ်လိုက်ပြီး သူ့ကြောင် ကလေးသောက်ဖို့ကြမ်းပြင်ပေါ် ချလိုက်တာပါပဲ တဲ့။

♦♦♦

www.burmeseclassic.com

တစ်နေ့ သမ္ဗတကူးလစ်ဟာ သူ့ဇာတိမြို့ဖြစ်တဲ့ ဗားမောင့်ပြည်နယ်က ပလိုင်းမောက်မြို့မှာ ဆံပင် သွားညှပ်တယ်။ သူဆံပင်ညှပ်ခံနေတုန်းမှာ ဆရာဝန်တစ်ယောက်ကလည်း ဆံပင်ညှပ်ဖို့ ထိုင်စောင့်နေတယ်။ သမ္ဗတ ဆံပင်ညှပ်လို့ အတော်လေးကြာတော့ ဆရာဝန်က သမ္ဗတကို 'ကျွန်တော်ပေးထားတဲ့ ဆေးပြားတွေ စားရဲ့လား'လို့မေးလိုက်တယ်။ သမ္ဗတက ချက်ချင်းပြန် မဖြေဘူး။ အတော်လေးကြာမှ 'မစားဘူး'လို့ဖြေတယ်။

ခဏကြာတော့ ဆရာဝန်က ထပ်မေးပြန်ရော။


'ခင်ဗျား နေကောင်းသွားပြီလား'တဲ့။

ဒီတစ်ကြိမ်မှာလည်း သမ္ဗတက ချက်ချင်းမဖြေဘူး။ အတော်လေးကြာမှ 'ကောင်းသွားပြီ'လို့ ပြန်ပြောလိုက်တယ်။ နောက်ဆုံးမှာ သမ္ဗတ ဆံပင်ညှပ်လို့ ပြီးသွားတယ်။ သူ ဆိုင်ထဲက ထွက်ဖို့ပြင်တယ်။ ဒါပေမဲ့ ဆံပင်ညှပ်သမားကို ပိုက်ဆံမပေးဘူး။ ဒီတော့ ဆံပင်ညှပ်သမားက

'ပိုက်ဆံမပေးရသေးဘူးခင်ဗျား'လို့ သတိပေးရတာပေါ့။ အဲဒီလိုသတိပေးလိုက်တော့မှ သမ္ဗတက

'ဆောရီး၊ ဆရာဝန်နဲ့ အတင်းအဖျင်းတွေ ပြောနေရလို့ ကျူပ်မေ့သွားတယ်'လို့ တောင်းပန်လိုက်ပါသတဲ့။

www.burmeseclassic.com



www.burmeseclassic.com

သမ္မတကူးလစ်ဟာ သိပ်ကို စကားနည်းလွန်းလို့ အများက သူ့ကို 'တိတ်ဆိတ်တဲ့ကူးလ်'လို့ ခေါ်ကြတယ်။ ဒီလိုအခေါ်ခံရလို့ သူ စိတ်မဆိုးပါဘူးလို့ သမ္မတက ပြောပါတယ်။ ဒါတင်မကဘူး 'ကျုပ်လိုချင်တာရအောင်တော့ ကျုပ်က လုံလုံလောက်လောက်ကြီးကို ဆူဆူညံညံ လုပ်နိုင်ခဲ့ပါတယ်လေ'လို့လည်း မခံချင်စိတ်ကလေးနဲ့ ဆက်ပြီး ပြောလိုက်တယ်ဆိုပဲ။

♦♦♦

တချို့က ကူးလစ်ကို ဘာကြောင့် စကားများများ မပြောတာလဲလို့ မေးကြတယ်။ ဒီတော့ သူက

'ဘာမှမပြောရင် ထပ်ပြောပါဦးလို့ အခိုင်းမခံရတော့ဘူးလေ'လို့ပဲ ဖြေလိုက်တယ်လေ။

♦♦♦

တိတ်ဆိတ်တဲ့ကူးလ်နဲ့ပက်သက်တဲ့ အကျော်ကြားဆုံးသော ဇာတ်လမ်းတစ်ပုဒ်ကတော့ အိမ်ဖြူတော်ညစာစားပွဲက မြစ်ဖျားခံခဲ့ပါတယ်။

ဒီညစာစားပွဲမှာ အမျိုးသမီးကြီးတစ်ယောက်က သမ္မတကူးလစ်နားလာပြီး 'သမ္မတနှုတ်က စကား ငါးခွန်း ထွက်လာစေရမယ်လို့ ကျွန်မ လူတစ်ယောက်နဲ့

www.burmeseclassic.com

အလောင်းအစား လုပ်ခဲ့တယ်လို့ ပြောလိုက်ရင်ပဲ သမ္မတက

'ခင်ဗျားရှုံးပြီ'လို့ ပြန်ပြောလိုက်ပါရော။

♦♦♦

လူတစ်ယောက်က လူရွှင်တော်ကြီး ဝင်လ်ရော ဂျားနဲ့ အလောင်းအစားလုပ်တယ်။

'အင်မတန်မျက်နှာထားတင်းလွန်းတဲ့ ကူးလစ် ပြုံးလာအောင် ခင်ဗျား မလုပ်နိုင်ပါဘူး'

ဒီတော့ လူရွှင်တော်ကြီးက 'လုပ်လိုက်လေ ကြာ သလားလို့'တဲ့။

အလောင်းအစားလုပ်ပြီး လူရွှင်တော်ကြီးကို အိမ် ဖြူတော်ခေါ်သွား၊ သမ္မတနဲ့မိတ်ဆက်ပေး။

လူရွှင်တော်ကြီးက ကိုယ်ကို ကိုင်းညွှတ်လိုက်ပြီး

'ခွင့်လွှတ်ပါခင်ဗျား၊ ကျွန်တော် သမ္မတကြီးရဲ့ နာ မည်ကို စဉ်းစားမရဘူး ဖြစ်နေပါတယ်'လို့ ပြောလိုက် တယ်ဆိုရင်ပဲ ကူးလစ် မပြုံးဘဲ မနေနိုင်တော့ဘူး။

အလောင်းအစားမှာ လူရွှင်တော်ကြီး အနိုင်ရ သွားတာပေါ့။

♦♦♦

www.burmeseclassic.com

သမ္ဗတကူးလစ်က ဘုန်းတော်ကြီး တရားမဟော ခင်မှာ အိမ်ဖြူတော်ကိုပင့်ဖိတ်ပြီး ထမင်းကျွေးပါတယ်။ ဘုန်းတော်ကြီးက အိမ်ဖြူတော်ကို အရောက်လာခဲ့ပေမယ့် ထမင်းစားဖို့တော့ ငြင်းဆိုလိုက်တယ်။ ဗိုက်ထဲမှာ အစာမရှိရင် တွေးရခေါ်ရတာ ပိုကောင်းတယ်လို့ အကြောင်းပြတယ်။

ဘုန်းတော်ကြီး တရားဟောတဲ့အခါ သမ္ဗတကူးလစ်နဲ့ သမ္ဗတကတော်တို့ သွားရောက်နာကြားကြသတဲ့။ ဟောတဲ့တရားက သိပ်ကောင်းလှတယ်လို့ သမ္ဗတက မထင်ဘူး။ ဒါနဲ့ တရားပွဲအပြီးမှာ သမ္ဗတကတော်ဘက်လှည့်ပြီး

'သူ ထမင်းစားပြီးပြီနဲ့ တူပါတယ်ကွာ'လို့ မှတ်ချက် ချလိုက်သတဲ့။

♦♦♦

www.burmeseclassic.com

ကလားရင့်ဒါရိုက်က သမ္မတကူးလစ်ဆီကို တွေးရယ်ဖို့ကောင်းတဲ့ ချီးမွမ်းစာကလေးတစ်စောင် ပို့ပေးလိုက်တယ်။

'ဗားမောင့်ပြည်နယ်၊ ပလိုင်းမောက်မြို့နယ်က ထွက်တဲ့လူတွေထဲမှာ ကူးလစ်ကတော့ အကြီးဆုံးလူပဲ ဖြစ်ပါတယ်'တဲ့။

♦♦♦

၁၉၂၉ခုနှစ် သမ္မတရွေးကောက်ပွဲအတွက် မဲဆွယ်တရားပွဲများ စတင်ချိန်မှာ သမ္မတကူးလစ်ကို နောက်တစ်ကြိမ်အရွေးခံဖို့ အစီအစဉ်ရှိမရှိ မေးကြတယ်။

'ပြန်အရွေးခံဖို့လမ်းကို ကျုပ်မရွေးဘူး'

သတင်းထောက်တစ်ယောက်ကလည်း ပထမ အမေးသဘောဆောင်တဲ့ မေးခွန်းတစ်ခုကို မေးပါတယ်။

'မစ္စတာကူးလစ်ခင်ဗျား၊ ခင်ဗျားအနေနဲ့ နောက်ထပ် သမ္မတ မဖြစ်ချင်ဘူးလား'

'မဖြစ်ချင်ပါဘူး။ တိုးတက်ဖို့ အခွင့်အလမ်း ဘာမှ မရှိဘူး'လို့ သမ္မတက ဖြေလိုက်လေရဲ့။

www.burmeseclassic.com


ဟားဘက်ဟိုးဗား သမ္မတဖြစ်နေတဲ့ ၁၉၃၂ခုနှစ်မှာ ဖုန်းတစ်ခါပြော ၅ဆင့်သာ ကျပါတယ်။ တစ်နေ့ သမ္မတဟိုးဗားဟာ သူ့အတွင်းရေးမှူး အင်ဒရူးမီလွန်နဲ့ လမ်းလျှောက်ထွက်ခဲ့သတဲ့။ လမ်းလျှောက်လို့ အတော်လေးကြာတော့ သမ္မတက ရုတ်တရက် ရပ်လိုက်ပြီး 'ဟား၊ ကျုပ် အခုမှအမှတ်ရတယ်။ မိတ်ဆွေတစ်ယောက်ဆီ ဖုန်းဆက်စရာရှိတယ်ဗျ။ အဲ ဒုက္ခပဲ။ ပိုက်ဆံက ပါမလာပြန်ဘူး။ ခင်ဗျားမှာ ပါလား။ ပါရင် ၅ဆင့်လောက် ချေးစမ်းပါဗျာ'

မီလွန်က အိတ်ကပ်ထဲနှိုက်ကြည့်ပြီး

'ပါပါတယ်ဗျ၊ ဟောဒီမှာ ၁၀ဆင့်စေ့တစ်စေ့။ ကဲ မိတ်ဆွေတစ်ယောက်ဆီမကဘူး။ ခင်ဗျားမိတ်ဆွေအားလုံးဆီ ဆက်စမ်း'လို့ ရယ်ရယ်မောမောပြောပြီး ၁၀ဆင့်စေ့ကို ပေးလိုက်သတဲ့။

♦ ♦ ♦

www.burmeseclassic.com

ယောက်ျားလေးတစ်ယောက်က သမ္မတဟိုးဗားကို အော်တိုရေးခိုင်းပါတယ်။ သမ္မတက လိုလိုချင်ချင်ပဲ ရေးပေးလိုက်သတဲ့။ ရေးပြီး လက်မှတ်ထိုးပေးလိုက်တဲ့အခါ ယောက်ျားလေးက စာရွက်အလွတ် ၄ရွက်ထုတ်ပြီး သမ္မတကို ပေးပြန်တယ်။

'သမ္မတကြီးခင်ဗျား၊ သမ္မတကြီးရဲ့လက်မှတ် ၄ ခု ထပ်ထိုးပေးပါဦးခင်ဗျား'

'ဟေ ဘာအတွက်လဲကွ။ ခုနကပဲ ထိုးပေးလိုက်ပြီမဟုတ်လား'

ဒီတော့ ယောက်ျားလေးက ပြုံးပြီး ရိုးရိုးသားသားပဲ ပြန်ပြောလိုက်တယ်။

'သမ္မတကြီးလက်မှတ် ၅ခုရရင် ကျွန်တော် ဘေဘီရုအော်တိုစာအုပ်အသစ်တစ်အုပ် ထပ်ရမှာမို့ပါ'

♦♦♦

www.burmeseclassic.com

အော်ဆာမစ်က ၁၉၂၈ခုနှစ် ဟိုးဗားနဲ့အပြိုင် သမ္မတရွေးကောက်ပွဲဝင်တယ်။ မဲဆွယ်တရားပွဲတစ်ခု မှာ အဖြေခက်အောင် မေးတတ်တဲ့သူတစ်ယောက်က

'အော ခင်ဗျား၊ ခင်ဗျားသိသမျှ ကျွန်တော်တို့ကို ပြောပြပါ။ သိပ်မကြာပါဘူး'လို့ ထတောင်းဆိုလိုက်ပါ တယ်။

ဒီတော့ အောက ခဏစဉ်းစားလိုက်ပြီး

'ကျုပ်က ပိုကောင်းအောင်လုပ်မှာပါ။ ခင်ဗျားတို့ ကျုပ်တို့သိသမျှ ပြောပြပါ့မယ်။ ဟုတ်တယ်။ သိပ် မကြာပါဘူး'လို့ ခပ်မြန်မြန်ပြန်ပြောလိုက်ပါတယ်။

www.burmeseclassic.com


တတိယအကြိမ်အရွေးခံဖို့ မဲဆွယ်တရားပွဲအတွင်းမှာ သမ္မတဖရန်ကလင်ဒီရူစဗဲ့က သူ့မိတ်ဆွေတစ်ယောက်ကို မေးကြည့်တယ်။

'ခင်ဗျား ဘယ်ပါတီကို မဲပေးမလဲ'

'ခင်ဗျား ဒီမိုကရက်တစ်ဆိုတာ ကျွန်တော် သိနေတာပဲ။ ကျွန်တော်က ရီပတ်ဘလီကန်ကို ပေးမှာပဲ'

'ဘာကြောင့်လဲဗျ'

သမ္မတက မေးလိုက်တော့ သူ့မိတ်ဆွေက

'ခင်ဗျား ပထမအကြိမ် အရွေးခံတုန်းက ကျွန်တော် ရီပတ်ဘလီကန်ကို မဲပေးခဲ့တယ်။ ခင်ဗျား ဒုတိယအကြိမ်အရွေးခံပြန်တော့ ကျွန်တော့်လုပ်ရပ်က ခုတော့ ကောင်းကွက်ပေါ်မလာသေးဘူး။ ဒါကြောင့် နောက်တစ်ကြိမ် စမ်းကြည့်တဲ့အနေနဲ့ ရီပတ်ဘလီကန်ကိုပဲ မဲပေးကြည့်လိုက်ဦးမယ်ဗျာ'လို့ ရှင်းပြလိုက်တယ်။

♦♦♦

www.burmeseclassic.com

ရုစဗ့် သမ္မတသက်တမ်းတစ်လျှောက်မှာ အိမ်ဖြူတော်ကို မကြာခဏ လာလည်တတ်သူကတော့ ဗြိတိသျှဝန်ကြီးချုပ် ဝင်စတန်ချာချီပဲ။ တစ်ခုသော ညစာစားပွဲမှာ ချာချီဘေးမှာထိုင်ရတဲ့ အမျိုးသမီးကြီး တစ်ဦးက ချာချီကျင့်သုံးတဲ့မူဝါဒတွေကို တတွတ်တွတ် ပြစ်တင်ဝေဖန်၊ ဝေဖန်ရင်း ဒေါသမထိန်းနိုင်တော့ဘူးနဲ့တူပါတယ်။

'ဒီမှာ မစ္စတာချာချီ၊ ကျွန်မသာ ရှင့်မိန်းမဆိုရင် ရှင့်သောက်မယ့်ကော်ဖီခွက်ထဲ အဆိပ်ခတ်မိတော့မှာပဲ'လို့ ပြောင်ပြောင်ပြောချလိုက်ပါရော။

ဒီတော့ ချာချီကလည်း

'အမျိုးသမီးကြီးခင်ဗျား။ ကျုပ်ဟာ ခင်ဗျားယောကျ်ားဆိုရင်လည်း ကျုပ်က ပြုံးပြုံးကြီးသောက်ချလိုက်မှာပေါ့ဗျာ'လို့ အမျိုးသမီးကြီး ရိပ်မိသွားအောင် တဲ့တိုးပဲ ပြောလိုက်သတဲ့။

www.burmeseclassic.com



ဟာရီထရူးမင်းနဲ့ပက်သက်တဲ့ အောက်ပါဟာသ ဇာတ်လမ်းလေးကို မကြာမကြာ ပြောနေကြလေရဲ့။

ထရူးမင်းက မဲပေးကြဖို့ တိုင်းသူပြည်သားများကို တိုက်တွန်းဟောပြောနေစဉ်မှာ အိမ်တစ်အိမ်ရှေ့မှာ ကစားနေကြတဲ့ ကလေးငယ်တစ်ယောက်ကို လှမ်းမြင်လိုက်တယ်။ ဒီတော့ ထရူးမင်းက အဲဒီကလေးငယ်နား သွားပြီး

'ဟေ့သူငယ်၊ မင်းအမေ အိမ်မှာရှိလား'လို့ မေးတယ်။ ကလေးငယ်က မေးလာသူကို မော့တောင် မကြည့်ဘဲ 'ရှိတယ်'လို့ ဖြေလိုက်တယ်။

ဒါနဲ့ ထရူးမင်းက အိမ်တံခါးသွားခေါက်တာပေါ့။ ဒါပေမယ့် ဘယ်သူမှ ထွက်မလာဘူး။

ထရူးမင်းက ကလေးငယ်ဘက် ပြန်လှည့်ပြီး

'ဟေ့သူငယ် မင်းကပြောတော့ မင့်အမေအိမ်ထဲမှာ ရှိတယ်ဆို' လို့ လှမ်းပြောလိုက်တဲ့အခါ ကလေးငယ်က

www.burmeseclassic.com

ရှိပါတယ်။ အဲဒါ ကျွန်တော်တို့အိမ်မဟုတ်ဘူး လို့ ခပ်အေးအေးပဲ ပြန်ပြောလိုက်တယ်။

♦♦♦

သမ္မတထရူးမင်းက ပြောတယ်။

'လက်တစ်ဖက်တည်းပါတဲ့ အကြံပေးပုဂ္ဂိုလ် တစ်ဦးကို ကျုပ်လိုချင်တယ်။ အခု ကျုပ်ရဲ့အကြံပေးပုဂ္ဂိုလ်တွေ ပြောပြောနေကြတာက 'တစ်ဖက်မှာ ဒီလိုရှိတယ်။ ဒါပေမယ့် တခြားတစ်ဖက်မှာတော့. . . တွေချည်းပဲ။ ကျုပ်လိုတာက လိုရင်း၊ တိုရှင်းအဖြေမျိုး ပေးနိုင် အကြံပေးပုဂ္ဂိုလ်ပဲ'

♦♦♦

ဆိုရိုးတစ်ခုရှိတယ်။

'အမှားတစ်ခု ပြုလုပ်မိခြင်းသည် လူ့သဘာဝဖြစ်၏။ ခွင့်လွှတ်ခြင်းသည် မြင့်မြတ်၏'တဲ့။

၁၉၄၈ခုနှစ် သမ္မတရွေးကောက်ပွဲမှာ ရီပတ်ဘလီကန်တို့က ဖော်ပြပါဆိုရိုးကို အောက်ပါအတိုင်း ပြောင်းလဲလိုက်ကြတယ်လေ။

'အမှားပြုလုပ်မိခြင်းသည် ထရူးမင်း သဘာဝဖြစ်၏'တဲ့။

♦♦♦

www.burmeseclassic.com


ဂျွန်အက်ဖ်ကနေဒီရဲ့ဖခင်ကြီးက သိပ်ကိုချမ်းသာတယ်။ ချမ်းသာလွန်းလို့ လူတွေကိုငွေပေးပြီး သူ့သားမဲပုံးထဲမဲထည့်ခိုင်းလိမ့်မယ်လို့တောင်ကောလာဟလတွေဖြစ်နေတယ်။ အဲဒီကောလဟလတွေကို ဟာသလုပ်တဲ့ သဘောနဲ့ ဂျွန်ကနေဒီ ပြောပြဖူးတာတစ်ခု ရှိတယ်။

'ခုလေးတင်ပဲ ကျွန်တော် အဖေ့စာကို ရတယ်ဗျ။ အဖေက ရေးထားတယ်။ လိုတာထက်ပိုပြီး မဲတစ်ပြားတောင် မဝယ်ပါနဲ့။ တစ်တိုင်းပြည်လုံးကမဲတွေ ငါမဝယ်နိုင်ဘူး'တဲ့။

♦♦♦

ရွေးကောက်ပွဲသတင်း နားထောင်နေဆဲမှာပဲ ကနေဒီက သူ့အရွေးခံဘက် လင်ဒန်ဂျွန်ဆင်ဆီကို ဖုန်းဆက်တယ်။ အဲဒီဖုန်းဆက်တဲ့ကိစ္စ နောက်ပိုင်းကျတော့ ကနေဒီက အောက်ပါအတိုင်း ရှင်းပြတယ်။

ဂျွန်ဆင်က သူ့ကို ဖုန်းထဲကနေ ပြောသတဲ့။

www.burmeseclassic.com
ခင်ဗျားတို့တော့ အိုဟိုးအိုးမှာ ရှုံးတော့မယ်။ ကျွန်တော်တို့ကတော့ ပင်ဆီဖေးနီးယားမှာ အခြေအနေကောင်းတွေနဲ့ တိုးနေပြီလေ'

♦♦♦

ရောဘတ်ကနေဒီက သူ့အစ်ကိုဂျွန်ဆင့်အတွက် မဲဆွယ်ရေးအဖွဲ့မှာ အတွင်းရေးမှူးတာဝန် ယူထားရတယ်။ တစ်ခါတစ်ခါကျတော့ သူ့အစ်ကို မဲဆွယ်တရားမဟောခင်မှာ သူက လူအုပ်ရှေ့ထွက်ပြီး အကြိုစကားပြောရတယ်။ အဲဒီလိုပြောတဲ့အခါတိုင်း ရောဘတ်က ငါးမျှားကြတဲ့ ညီအစ်ကိုနှစ်ယောက်အကြောင်း ပြောပြောပြီး ပရိသတ်ကို ဟာဒယရွှင်ဆေး တိုက်ကျွေးမြဲဖြစ်ပါသတဲ့။

'ညီအစ်ကိုနှစ်ယောက် ငါးမျှားကြတော့ တစ်ယောက်က ငါးတွေအားလုံးမိသတဲ့။ ကျန်တစ်ယောက်ကတော့ တစ်ကောင်မှမမိဘူးဆိုပဲ။ ဒါနဲ့ ကံမကောင်းရှာတဲ့တစ်ယောက်က သူ့အစ်ကိုရဲ့ ငါးမျှားတံငှားပြီး ထပ်မျှားတယ်။ ဒါပေမဲ့ တစ်ကောင်မှ လာမဟပ်ကြဘူး။ နောက်ဆုံး ရေထဲကနေ ငါးတစ်ကောင်ခုန်ထွက်လာပြီး ကျွန်တော်တို့က ခင်ဗျားအစ်ကိုကို စောင့်နေကြတာဗျလို့ ပြောလိုက်ပါသတဲ့'

♦♦♦

www.burmeseclassic.com



www.burmeseclassic.com

ဆောင်းကာလရဲ့တစ်နေ့မှာ သမ္မတကနေဒီက လော့အိန်ဂျလိစ် နံနက်စာစားပွဲမှာ မိန့်ခွန်းပြောပါတယ်။ သူ့မိန့်ခွန်းကိုသဘောကျလို့ လက်ခုပ်သြဘာသံတွေ မစဲဘူး။ ဒီတော့ ကနေဒီက

'အခုလို လှိုက်လှိုက်လှဲလှဲ နွေးနွေးထွေးထွေး ကြိုဆိုကြတဲ့အတွက် ခင်ဗျားတို့ကို ကျွန်တော် သိပ်ကျေးဇူးတင်ပါတယ်။ အင်း ဟိုဗျာ. . .၊ နွားက လယ်သမားကို ပြောသလိုပေါ့။ ဘယ်လိုလဲဆိုတော့ အေးတဲ့မနက်မှာ ခင်ဗျားရဲ့ နွေးထွေးတဲ့လက်တစ်ဖက်အတွက် ကျေးဇူးတင်ပါတယ်'တဲ့။

♦♦♦

ဂုဏ်ရောင်ပြောင်တဲ့ တက်ဆက်ပြည်နယ်ဆိုင်ရာ ဇာတ်လမ်းတစ်ပုဒ်ကိုတော့ သမ္မတကနေဒီ အတော်နှစ်ခြိုက် သဘောကျတယ်။

ဘော့စ်တွန်သားတစ်ယောက်က အေလာမိုကို သွားလည်တယ်လို့ ဆိုပါတယ်။ အဲဒီအချိန်မှာ တက်ဆက်ဇာတိသားတစ်ယောက်က တက်ဆက်ပြည်နယ်

www.burmeseclassic.com

မှာ ရှုပ်ရှုပ်ချုံချုံ တိုက်ပွဲဝင်ခဲ့ကြတဲ့ အာဇာနည်တွေ အကြောင်းပြောပြီး ကြွားလုံးထုတ်နေတယ် ဆိုပဲ။

သူကြွားလုံးထုတ်နေတာတွေကို ဘော့စ်တွန်သား က ခဏနားထောင်ပြီး 'ပေါလ်ရီဗာအကြောင်း ခင်ဗျား ကြားဖူးသလား'လို့ ထမေးလိုက်သတဲ့။

ဒီတော့ တက်ဆက်ဇာတိသားက

'ဟား ကြားဖူးပြီလားဗျာ။ အဲဒီလူဟာ အကူအညီ လိုက်တောင်းနေတဲ့လူပဲဗျ'လို့ တစ်ချက်လည်း ပက် ထည့်လိုက်သတဲ့။

♦♦♦

ယောကျ်ားလေးတစ်ယောက်က သမ္မတကနေဒီ ကို သူ ဘယ်ပုံဘယ်နည်း စစ်သူရဲကောင်းဖြစ်ခဲ့ပါသလဲ လို့ မေးကြည့်တယ်။

သမ္မတက

'လွယ်ပါတယ်။ ဂျပန်တွေက ကိုယ့်လှေကို နှစ် မြှုပ်ပစ်လိုက်တယ်လေ'လို့ ပြုံးပြီး ခပ်အေးအေး အဖြေ ပေးလိုက်လေရဲ့။

♦♦♦

www.burmeseclassic.com

သမ္မတကနေဒီအဖို့ ကိုယ်အင်္ဂါ သန်စွမ်းတောင့်တင်းနေဖို့ဟာ အဓိကပဲ။ ဒီအချက်နဲ့နွှယ်ပြီး သူက သူ့ရဲ့အလုပ်သမားရေးရာဌာန အတွင်းရေးမှူး အာသာဂိုးလ်ဘတ်အကြောင်း မကြာခဏ ပြောလေ့ရှိတယ်။

ဂိုးလ်ဘတ်ဟာ တောင်တစ်တောင်ကို တက်ပါသတဲ့။ တောင်ထိပ်နား ရောက်ကာနီးမှာ သူ့လူတွေနဲ့အဆက်ပြတ်သွားတယ်။

သူ့ကိုရှာဖို့ ကြက်ခြေနီအဖွဲ့က တောင်တက်သမားတွေကို လွှတ်လိုက်တယ်။ တောင်တက်သမားတွေဟာ တောင်ပေါ်အနှံ့တက်ရင်း

ဂိုးလ်ဘတ် . . . ဂိုးလ်ဘတ် . . . ကြက်ခြေနီ . . ကြက်ခြေနီ . . .'လို့ အော်ဟစ်ပြီး အချက်ပေးကြတာပေါ့။

နောက်ဆုံးမှာ ဟိုးအဝေးတောင်ထိပ်လောက်က တောင်အောက်ကို ပဲ့တင်ရိုက်လာတဲ့ အသံတစ်သံကို ကြက်ခြေနီအဖွဲ့က ကြားလိုက်ကြသတဲ့။

အဲဒီကြားလိုက်ရတဲ့ ပဲ့တင်ရိုက်သံကတော့

'ရုံးမှာပေးထားခဲ့တယ်ဟေ့'ဆိုပဲ။

♦ ♦ ♦

www.burmeseclassic.com

သမ္မတကနေဒီအဖြစ် အရွေးခံရတော့ ကနေဒီဟာ ၄၃နှစ်ပဲ ရှိသေးတယ်။ ကနေဒီ သမ္မတဖြစ်နေတဲ့ ကာလမှာ သားအဖနှစ်ယောက်ဇာတ်လမ်းဟာ အတော့်ကို ပေါ်ပြူလာဖြစ်ခဲ့တာပေါ့။

ဖခင်တစ်ယောက်က သူ့သားကို ပြောသတဲ့။

'လင်ကွန်း မင်းအရွယ်လောက်တုန်းက ၁၀မိုင်ခရီးကို ခြေကျင်လျှောက်ပြီး နေ့တိုင်းကျောင်းတက်သတဲ့ကွ'

ဒီတော့ သားဖြစ်သူက

'အဲဒါ ဘာဖြစ်သလဲ။ ကနေဒီလည်း အဖေ့အရွယ်မှာ သမ္မတဖြစ်နေပြီလေ'လို့ ပြန်နှက်လိုက်ပါသတဲ့။

♦♦♦

သမ္မတကနေဒီက တစ်ချိန်မှာ ပြောခဲ့ဖူးပါတယ်။

'လောကမှာ တကယ့်အရှိတရား သုံးခုရှိတယ်။ ဘုရားသခင်၊ လူ့မိုက်မဲမှုနဲ့ အရယ်အမောပါပဲ။ ပထမအရှိတရား နှစ်ခုနဲ့ပက်သက်ပြီး ကျွန်တော်တို့အတွက် နားလည်ဖို့ ခက်လွန်းလှပါတယ်။ ဒါကြောင့် အလွယ်ကလေးနားလည်နိုင်တဲ့ တတိယ တကယ့်အရှိတရားကိုပဲ ကျွန်တော်တို့ အကောင်းဆုံး ဖန်တီးကြရအောင်'

www.burmeseclassic.com


သူ့ မဲဆွယ်တရားပွဲမှာ လန်ဒန်ဘီဂျွန်ဆင်က 'ဂိုးလ်ဝါးတားကိုသာ ခင်ဗျားတို့ မဲပေးလိုက်ရင် ခင်ဗျားတို့ဆောင်ရမယ့်အခွန်တွေ ထိုးတက်သွားတော့မှာပဲ'လို့ ထည့်ပြောလိုက်တယ်။

အဲဒီရွေးကောက်ပွဲမှာ ဂျွန်ဆင် အနိုင်ရသွားတယ်။ ဒါကြောင့် သူ သမ္မတဖြစ်လာတယ်ပေါ့။

သူ သမ္မတဖြစ်ပြီး နှစ်အနည်းငယ်အကြာမှာ မဲဆန္ဒရှင်တစ်ဦးက သမ္မတဂျွန်ဆင်ဆီလာပြီး

'သမ္မတကြီးခင်ဗျား၊ ရွေးကောက်ပွဲကာလတုန်းက သမ္မတကြီးဟာ အမှန်တရားကို တကယ်ပြောခဲ့ပါတယ်။ သမ္မတကြီးက ဂိုးလ်ဝါးတားကိုသာ ခင်ဗျားတို့ မဲပေးလိုက်ရင် ခင်ဗျားတို့ဆောင်ရမယ့်အခွန်ငွေတွေ ထိုးတက်သွားတော့မှာပဲလို့ ပြောခဲ့ပါတယ်။ ကျွန်တော် ဂိုးလ်ဝါးတားကို မဲပေးခဲ့ပါတယ်။ ဟုတ်ပါတယ် သမ္မတကြီးရယ်။ ကျွန်တော်ဆောင်ရမယ့် အခွန်ငွေတွေ တကယ့်ကို ထိုးတက်သွားတော့တာပဲ'လို့ ဇာတ်ကြောင်းလှန်လိုက်ပါသတဲ့။

♦ ♦ ♦

www.burmeseclassic.com

သမ္မတဂျွန်ဆင်ဟာ အမေရိကန်ပြည်ထောင်စုရဲ့ ရေတပ်သားတွေ သတ္တိကောင်းတဲ့အကြောင်း မကြာခဏ ဂုဏ်ယူဝင့်ကြွားစွာ ပြောတတ်တယ်။ သူ့မိန့်ခွန်းတစ်ခုထဲမှာတောင် ရေတပ်ဗိုလ်လေးအကြောင်း ထည့်ပြောသွားပါသေးတယ်။

ရေတပ်ဗိုလ်ကလေးက သူ့ရေတပ်သားတွေကို ပေ ၅၀၀အမြင့်မှာပျံနေတဲ့ လေယာဉ်ပေါ်ကနေ ခုန်ချကြရမယ်လို့ ပြောတယ်။

ဒီတော့ ရေတပ်သားအချို့ အတော်စိုးရိမ်ထိတ်လန့်သွားကြတာပေါ့။ နောက်ဆုံးမှာ ရေတပ်သား တစ်ယောက်က ဗိုလ်လေးဆီသွားပြီး

'ဗိုလ်လေးခင်ဗျား၊ လေယာဉ်ပျံက ပေ၅၀၀ အမြင့်မှာ ပျံနိုင်ပါသလား'လို့ မေးလိုက်တယ်။


www.burmeseclassic.com

အေး ဟုတ်တယ်။ မပျံနိုင်ဘူးလို့ ငါလည်း ထင် တာပဲ။ ဒီအမြင့်မှာ လေထီးပွင့်ဖို့ နိမ့်လွန်းနေတယ်'

ဒီမှာတင် ရေတပ်သားက

'ဪ ဗိုလ်လေးပြောပုံဆို ကျွန်တော်တို့ လေထီးနဲ့ ခုန်ချရမယ့်သဘောပေါ့။ ဟုတ်တယ်နော်'လို့ အံ့ဩ ဝမ်းသာပုံမျိုးနဲ့ မေးလိုက်ပါသတဲ့။

♦♦♦



www.burmeseclassic.com

အခြေအနေနှင့် အချိန်ကာလအလိုက် သမ္မတ ဂွန် ဆင်မှာ ဇာတ်လမ်းလေးတွေရှိနေတာပဲ။ တစ်ကြိမ်မှာ သူက ဘတ်ဂျက် သိပ်များနေရင် ရှေ့မှာ အန္တရာယ်ရှိမှာပဲလို့ ကွန်ဂရက်ကို သတိပေးရတယ်။ နောက် သူကိုယ်တိုင်ပြောပြတာက မီးရထားလမ်းမှာအလုပ်ရဖို့ အလုပ်လျှောက်ကြတဲ့ဆယ်ကျော်သက်အရွယ်ကလေးတွေနဲ့ပတ်သက်ပြီး သူ့ကိုလည်း သတိပေးစကား ပြောခဲ့ကြတယ်ဆိုတာပဲ။

သံလမ်းဖိုမင်တစ်ယောက်က လူငယ်လေးတစ်ယောက်ကို စစ်ဆေးမေးမြန်းကြည့်ပါသတဲ့။

'ရထားတစ်စင်းက အရှေ့ဘက်ကိုဦးတည် ခုတ်မောင်းနေတယ်။ အဲဒီရထားလမ်းပေါ်မှာပဲ ရထားတစ်စင်းက အနောက်ဘက်ကို ဦးတည် ခုတ်မောင်းလာနေတယ်။ အဲဒီအခြေအနေမျိုးမှာ မင်း ဘာလုပ်မလဲ'

'ကျွန်တော့်ညီလေးကို ပြေးခေါ်လိုက်မှာပဲ'

'မင်းညီလေးကို ပြေးခေါ်လိုက်တော့ ဘာဖြစ်လာမှာမို့လဲ'

'မဟုတ်ပါဘူး။ ကျွန်တော့်ညီလေးက ရထားနှစ်စင်းတိုက်တာ တစ်ခါမှမမြင်ဖူးသေးလို့ပါ'

♦♦♦

www.burmeseclassic.com

၁၉၆၄ခုနှစ် သမ္မတရွေးကောက်ပွဲမှာ လန်ဒန် ဂျွန်ဆင်နဲ့ ဘာရီဂိုးလ်ဝါးတားတို့ ပါဝင်ယှဉ်ပြိုင်အရွေးခံကြတယ်။ မဲဆွယ်တရားပွဲတွေ ကျင်းပနေစဉ်ကာလ အတွင်းမှာ ဂျွန်ဆင်က သူ့ပြိုင်ဘက်နဲ့ပက်သက်တဲ့ မကောင်းကြောင်းတွေ အများကြီးကို ဆိုးဆိုးဝါးဝါး ဖော်ထုတ်ခဲ့တယ်။ ဒီတော့ တရားပွဲတစ်ခုမှာ ဂိုးလ်ဝါးတားကလည်း

'အေးဗျာ၊ ကျုပ်ကိုကျုပ်လည်း မသိခဲ့ဘူး။ သိခဲ့ရင်တော့ဗျာ. . . ကျုပ်ဆန္ဒနဲ့ဆန့်ကျင်ပြီး သူ့ပုံးထဲ ကျုပ် မဲထည့်လိုက်မှာပေါ့'လို့ ပြန်ရိလိုက်တယ်။

www.burmeseclassic.com



သမ္မတနစ်ဆင်ဟာ အမြဲလိုလို ကွန်ဂရက်နဲ့ အဆင်မပြေဘူး။ တစ်ခါတော့ သူက 'ကွန်ဂရက်ဟာ သိပ်ကို အဖြတ်တောက်တွေများလွန်းတယ်။ တကယ်လို့များ သူတို့က ပညတ်တော်ဆယ်ပါးအတွက် မဲပေးရမယ်ဆိုရင် ပညတ်တော်ရှစ်ပါးလောက်ပဲ ကျန်လိမ့်မယ်'လို့ ရိလိုက်ပါသတဲ့။

♦ ♦ ♦

www.burmeseclassic.com

ဒီဇာတ်လမ်းလေးကတော့ သမ္မတနစ်ဆင် အကြောင်း ပြောပြတဲ့ဇာတ်လမ်းပဲ ဖြစ်တယ်။

တိုင်းသူပြည်သားတွေအားလုံး သူ့မိန့်ခွန်းကို ကြားစေချင်လို့ သမ္မတက ထောင်ထဲမှာ မိန့်ခွန်းပြော မယ်လို့ ဖွင့်ဟလိုက်တယ်။ သူ့ဖွင့်ဟချက် အပြင်မှာ ပျံ့သွားတာနဲ့ ထောင်ကျအတော်များများက ထောင်မှူး ဆီရောက်လာကြပြီး။

'ကျွန်တော်တို့ကန့်ကွက်ချင်တယ်။ သမ္မတမိန့်ခွန်း ကို နားထောင်ဖို့ဟာ ကျွန်တော်တို့အပေါ် ချရမယ့် ပြစ် ဒဏ်မဟုတ်ဘူး'လို့ ထောင်ကျတွေရဲ့ခေါင်းဆောင်က တင်ပြလိုက်တယ်။

www.burmeseclassic.com



အိုမားဟားမှာ သမ္မတဂျရယ်ဖို့ မိန့်ခွန်းပြောပြီး နောက် သူ့မိန့်ခွန်းကို နားမထောင်ခဲ့ရတဲ့ အမျိုးသမီး ကြီးတစ်ယောက်နဲ့ ဂျရယ်ဖို့ တွေ့လိုက်ရတယ်။

'ညက သမ္မတကြီး မိန့်ခွန်းပြောခဲ့တယ်လို့ သူများ ပြောတာ ကြားခဲ့ရပါတယ်'

ဒီတော့ သမ္မတက ရိုးရိုးအေးအေးပဲ

'အို. . . ဘာမှမဟုတ်ပါဘူးဗျာ'လို့ ပြန်ပြောလိုက် တယ်။

အဲဒီလို သမ္မတကပြောလိုက်တော့ အမျိုးသမီး ကြီးက

'ဟုတ်တယ်။ ကျွန်မလည်း အဲဒီလိုပြောကြတာ ကို ကြားရတာပဲ'လို့ ခပ်ပြုံးပြုံး ပြန်ရှင်းပြလိုက်ပါသတဲ့။

♦ ♦ ♦

တစ်နေ့မှာ သမ္မတဖို့က သူ ရေတပ်သားဘ၀က

www.burmeseclassic.com

ဝတ်ခဲ့တဲ့ ယူနီဖောင်းအဟောင်းကြီးကို ပြန်ဝတ်ကြည့်တယ်။ အခုပြန်ဝတ်ကြည့်တော့ သိပ်ကို ကျပ်နေတာပေါ့။ သူက သမ္မတကတော်ကို ပြောသတဲ့။

'ယူနီဖောင်းအဟောင်းကြီးကို မင်းက ဗီရိုထဲထည့်ထားတော့ ရယ်စရာယူနီဖောင်းကြီး ဖြစ်သွားတာပေါ့ကွာ။ ဒီမှာကြည့်လေ ခါးလောက်မှာ ကျုံ့သွားတာတွေ့လား'

♦♦♦

မက်ချီဂန်တက္ကသိုလ် ကျောင်းသားဘဝမှာ ဖို့ဘောလုံးကစားလေ့ရှိတယ်။ အဲဒီတုန်းက ကစားဖော်တစ်ယောက်က တစ်ချိန်မှာ အောက်ပါအတိုင်းပြောပြပြီး ဖို့နဲ့ မိတ်ဆက်ပေးပါသတဲ့။

'ကျွန်တော်က ဂျရယ်ဖို့နဲ့ ကစားခဲ့တာလေ။ ကျွန်တော်က နောက်တန်းကစားတယ်။ သူက အလယ်က ကစားတယ်။ အဲဒီလိုကစားလို့ ကျွန်တော်ဟာ အမေရိကန်ပြည်ထောင်စုရဲ့ သမ္မတအပေါ် ဘက်စုံက ပြည့်ပြည့်စုံစုံ မြင်နိုင်ခဲ့တာပေါ့'

♦♦♦

www.burmeseclassic.com

သမ္မတဖို့ဟာ အားကစားသမားကောင်းတစ်ဦးပါ။ ဒါပေမယ့် သိပ်ကို ကိုးရို့ကားရားနိုင်လွန်းတယ်။ ဒါကိုလည်း လူတိုင်းက သိကြတယ်။ ဖို့က သိပ်ဂရုမစိုက်ပါဘူး။ ရယ်တောင် ရယ်လိုက်သေး။ ဒါတင်မကဘူး၊ သူကပြောသေးတယ်။

'ကျုပ်က ရေခဲပြင်ပေါ်မှာ အချိန်အကြာကြီး မနားတမ်း လျှောစီးနိုင်ပါတယ်ဗျ'တဲ့။

♦ ♦ ♦

www.burmeseclassic.com



www.burmeseclassic.com

သမ္မတဖို့ရဲ့ ဟောဒီဝေဖန်ချက်ကတော့ ခင်ဗျားကို ရပ်ပြီးတွေးစေမှာ သေချာတယ်။

'ဒီနေ့အချိန်မှာ လင်ကွန်းသာ အသက်ရှင်နေဦးမယ်ဆိုရင် သူ့ သင်္ချိုင်းဂူထဲမှာ လူးလိမ့်နေမှာပဲ'

♦ ♦ ♦

ဖို့ သမ္မတဖြစ်နေစဉ်အချိန်မှာ အိမ်ဖြူတော် ရေကူးကန်ကို ရွှေ့ပစ်ဖို့စိတ်ကူးခဲ့တယ်။ ဒီစိတ်ကူးနဲ့ ပတ်သက်ပြီး နောက်ပိုင်းမှာ သမ္မတဖို့က

'ရေနက်ထဲနစ်နေဖို့ အိမ်ဖြူတော်မှာ ရေကူးကန်ရှိစရာမလိုအပ်ပါဘူးဗျာ'တဲ့။

www.burmeseclassic.com


အိမ်ဖြူတော်သတင်းထောက်တွေဟာ တစ်ခါ တစ်ခါကျတော့ ကလေးတွေအတိုင်းပဲလို့ သမ္မတဂျင်မီကာတာက ညည်းညူပြောဆိုတတ်တယ်။ သတင်းစာကွန်ဖရင့်တစ်ခုမှာ သူက

'ဒီနေ့ညတော့ အရေးကြီးတဲ့ကိစ္စအကြောင်း မပြောတော့ပါဘူး။ ဒါကြောင့် ခင်ဗျားတို့စိတ်တိုင်းကျ ခြယ်နိုင်တဲ့ ရောင်စုံခဲတံတွေကို ဘေးဖယ်ထားလိုက်ကြပါ'လို့ ပြောလိုက်ပါတယ်။

♦♦♦

www.burmeseclassic.com



သမ္မတကာတာပြီးတဲ့အခါ သွားတွေကို အတိုင်း သားမြင်နေကြရတယ်။ သူက ‘အမြိတ်ခွန်ရုံးက လူတွေ က ကျွန်တော် တစ်နှစ်မှာ သွားတိုက်ဆေးဘူးအတွက် ဒေါ်လာ ၆၀၀အမှန်တကယ်သုံးတယ်ဆိုတာ မယုံကြည် ဘူး’လို့ ပြောချင်ဟန်တူပါရဲ့။

♦ ♦ ♦

www.burmeseclassic.com

တက်ဆက်လယ်သမားတွေက ဆိုးဆိုးဝါးဝါး မိုးခေါင်တဲ့အတွက် အရေးပေါ်ထောက်ပံ့ငွေ တောင်းခံခဲ့ကြတယ်။ သမ္မတကာတာက ဒီကိစ္စကို ငြင်းဆိုလိုက်ရပါတယ်။ ဘာကြောင့်မို့ငြင်းဆိုရသလဲဆိုတာ ရှင်းပြဖို့ သူ လေယာဉ်နဲ့ တက်ဆက်ပြည်နယ်ကို သွားဖို့လည်း ဆုံးဖြတ်ထားပါတယ်။

သူ တက်ဆက်ပြည်နယ်ရောက်တဲ့နေ့မှာ မိုးက သည်းသည်းမဲမဲကြီးကို ရွာချလိုက်တယ်။ သူက လယ်သမားတွေကို မိန့်ခွန်းပြောရာမှာ

'ခင်ဗျားတို့က ကျွန်တော့်ဆီမှာ ငွေတောင်းကြတယ်။ ကျွန်တော်က ခင်ဗျားတို့ကို ငွေမပေးနိုင်ဘူး။ ဒီတော့ ငွေအစား ခင်ဗျားတို့အတွက် ကျွန်တော် မိုးကို သယ်ခဲ့ပါတယ်'လို့ ထည့်ပြောလိုက်ပါရော။

www.burmeseclassic.com


သူငယ်ငယ်က စာတော်တဲ့ကျောင်းသား မဟုတ်ပါဘူးလို့ ရှိနယ်လ်ရီဂင်က မကြာခဏ ပြောပြတတ်တယ်။ သူ့ဆရာမက သူ့အမေကိုပြောပြခဲ့တဲ့ စကားကိုတောင် မှတ်မှတ်ရရ ပြန်ပြောလိုက်ပါသေးတယ်။

'ရွှန်ကလေးဟာ ကြိုးစားပါတယ်၊ သိပ်ကိုကြိုးစားပါတယ်'တဲ့။

♦♦♦

www.burmeseclassic.com

သူတကာရောက် ပညာသင်ယူခဲ့တဲ့ ယူရိုးယား ကောလိပ်ဘွဲ့နှင်းသဘင် အခမ်းအနားမှာ မိန့်ခွန်းပြော ကြားပေးဖို့ သမ္မတရီဂင်ကို ဖိတ်ကြားလိုက်ပါတယ်။

သမ္မတရီဂင်က သူ့မိန့်ခွန်းကို

‘ဒီကိုလာဖို့ ကျွန်တော့်ကိုခေါ်လိုက်တဲ့ တစ်ခု တည်းသောအကြောင်းကတော့ ကျွန်တော့်အားကစား ပစ္စည်းတွေထည့်တဲ့ သေတ္တာကို ရှင်းပေးဖို့ဗျ’လို့ နိဒါန်း ပျိုးလိုက်ပါသတဲ့။

♦♦♦

တစ်ကြိမ်မှာ ရီဂင်က ‘တိုင်းပြည်အတွက် အလုပ် အကျွေးပြုတဲ့နေရာမှာ အရွယ်က အတားအဆီးမဖြစ် သင့်ဘူး’လို့ပြောခဲ့တဲ့ သောမတ်ဂျက်ဖာဆင်ကို ဥပမာ ထုတ်ပြခဲ့ဖူးတယ်။

သည့်နောက် ရီဂင်ကဆက်ပြီး

‘သည်အကြောင်း တွမ်က ကျွန်တော့်ကိုပြောပြ တော့. . . ’လို့ ပြောနေရင်းမှာ စကားကိုရပ်ထားလိုက် ပါတယ်။

♦♦♦

www.burmeseclassic.com

သမ္မတအဖြစ် ရွေးကောက်ခံရတဲ့ အသက်အကြီးဆုံးပုဂ္ဂိုလ်ဟာ ရီဂင်ပဲဖြစ်တယ်။ သူ သမ္မတအဖြစ် အရွေးခံရတော့ ၆၉နှစ်ရှိပြီလေ။ သူကတော့ သူ့အသက်နဲ့ပက်သက်ပြီး ဟာသထုတ်ရတာ သိပ်ကိုကျေနပ်သလိုပါပဲ။ ဥပမာထုတ်ပြရရင် သူကအသက် ၇၀ပြည့်မွေးနေ့မှာ သူက ဟောဒီလို ဟာသထုတ်ခဲ့တယ်။

'အမှန်ကတော့ဗျာ ဒီအသက် ၇၀ပြည့်နှစ်မွေးနေ့ဟာ ၃၉နှစ်ပြည့်မွေးနေ့ရဲ့ ၃၁ကြိမ်မြောက်နှစ်ပတ်လည်ပါပဲ'တဲ့။

♦♦♦

ရီဂင်ဟာ မှတ်ဉာဏ်သိပ်မကောင်းဘူးလို့ တချို့ကပြောကြတယ်။ သတင်းစာကွန်ဖရင့်တစ်ခုမှာ သတင်းထောက်တစ်ဦးက သမ္မတကို

'သမ္မတကြီးခင်ဗျား၊ သမ္မတကြီးက မှတ်ဉာဏ်တွေ မကောင်းတော့တာနဲ့ အနားယူမယ်လို့ ပြောခဲ့ဖူးပါတယ်'လို့ ပြောပြလိုက်တော့ ရီဂင်က

'အဲဒီလိုပြောခဲ့သလား။ ကျုပ်အမှတ်မရတော့ဘူးဗျ'လို့ ရယ်ရယ်မောမော ပြန်အဖြေပေးလိုက်ပါတယ်။

♦♦♦

www.burmeseclassic.com

မက္ကဆီကိုမှာ မိန့်ခွန်းပြောလို့ဆုံးသွားတော့ ပရိသတ်က လက်ခုပ်သိပ်မတီးကြဘူး။ ဒါပေမယ့် သူ့နောက်က အမျိုးသမီး စပိန်ဘာသာနဲ့မိန့်ခွန်းပြောတဲ့အခါမှာတော့ လက်ခုပ်သံက ဝက်ဝက်ကွဲပဲ။ ဒီတော့ သမ္မတရီဂင်လည်း ရောယောင်ပြီး လက်ခုပ်တီးရတော့တာပေ့ါ။ သူ လက်ခုပ်လိုက်တီးတာ ဘယ်လောက်ကြာသွားမှန်း မသိဘူး။ သူ့အနားမှာထိုင်နေတဲ့ အမေရိကန်သံအမတ်က ‘ကျွန်တော်သာ ခင်ဗျားဆိုရင် ဒီလောက်အထိ လက်ခုပ်တီးမိမှာမဟုတ်ဘူး။ အဲဒီအမျိုးသမီးက ခင်ဗျားပြောခဲ့တာကို စပိန်လိုပြန်ပြောနေတာဗျ’လို့ ခပ်တိုးတိုးပြောပြလိုက်မှ သမ္မတရီဂင် လက်ခုပ်တီး ရပ်သွားတော့သတဲ့။

♦♦♦

လူတွေက သမ္မတရီဂင်ဟာ ကွန်ဂရက်ကို ကျော်ကျော်ပြီး အလုပ်လုပ်တယ်လို့ပြစ်တင်ဝေဖန်ကြတယ်။

ဒီတော့ ရီဂင်က

‘အဲဒါ ဘာဖြစ်လဲ။ ကိစ္စအများစုဟာ သူတို့ခေါင်းတွေပေါ်က ကျော်ကျော်သွားကြတာပဲ’လို့ ချေပလိုက်သတဲ့။

♦♦♦

www.burmeseclassic.com

ထိပ်သီးအစည်းအဝေးတစ်ခုမှာ သမ္မတရီဂင်က ဟောဒီဇာတ်လမ်းလေးကို ထပ်ပြောပြန်တယ်။

အမေရိကန်က ရုရှားတစ်ယောက်ကို

'ကျုပ် အိမ်ဖြူတော်ထဲကို ဝင်သွားလို့ရတယ်။ အိမ်ဖြူတော်ထဲကစားပွဲကို လက်သီးနဲ့ထုပြီး ရိုနယ်လ် ရီဂင် တိုင်းပြည်အုပ်ချုပ်ပုံ မကြိုက်ဘူးလို့ ပြောနိုင်တယ်'လို့ ပြောပြတယ်။

ဒီတော့ ရုရှားကလည်း

'ကျွန်တော့်တိုင်းပြည်မှာ ဒီအတိုင်း ကျွန်တော်လည်း လုပ်နိုင်တာပဲ။ ကရင်မလင်နန်းတော်ထဲ ဝင်သွားနိုင်တယ်ဗျာ။ စားပွဲကိုလက်သီးနဲ့ထုပြီး ရိုနယ်လ် ရီဂင်တိုင်းပြည်ကိုအုပ်ချုပ်ပုံ မကြိုက်ဘူးလို့ ပြောနိုင်တာပဲ'တဲ့။

♦ ♦ ♦

www.burmeseclassic.com



www.burmeseclassic.com

လယ်တောထဲကိုရောက်ရင် သမ္မတရိဂင်က ခြောက်သွေ့ပြီး ကျောက်ထူတဲ့လယ်တစ်ကွက်ကိုပိုင်တဲ့ လယ်သမားတစ်ယောက်အကြောင်း ပြောလေ့ရှိတယ်။ ဘယ်လောက်ပဲ လယ်မြေကမကောင်းပေမယ့် အဲဒီ လယ်သမားဟာ နှစ်ပေါင်းများစွာကြိုးစားပြီး ထွန်ယက် စိုက်ပျိုးလာခဲ့တယ်။ နောက်ဆုံးတော့ လယ်မြေဆိုးကို လယ်မြေကောင်းအဖြစ် လယ်သမားက ပြောင်းလဲနိုင် လိုက်တယ်။

တစ်နေ့တော့ ဒေသခံဘုန်းတော်ကြီးဟာ သူ့ လယ်ထဲ အလည်အပတ်ရောက်လာတယ်။ လယ်မြေ ကကောင်းနေတော့ ဘုန်းတော်ကြီးက ချီးကျူးခန်းဖွင့် တော့တာပေ့ါ။

'ဘုရားသခင်ရဲ့အကူအညီနဲ့ ခင်ဗျား ပြီးမြောက် အောင် လုပ်နိုင်လိုက်တဲ့အလုပ်ကဖြင့် တကယ့်ကို မှတ် သားလောက်ပါပေတယ်'

ဒီလိုချီးကျူးသံကို လယ်သမားကြားလိုက်တော့ ခေါင်းကုတ်မိလိုက်သတဲ့။ နောက်မှ 'ဘုန်းတော်ကြီး ရယ် ဒီလယ်မြေပေါ်မှာ ဘုရားသခင်တစ်ဦးတည်း လုပ်ကိုင်နေစဉ်က ဒီလယ်မြေရဲ့အခြေအနေကို ဘုန်းတော်ကြီး မြင်စမ်းစေချင်တယ်'လို့ အောင့်သက် သက် ပြောပြလိုက်ပါသတဲ့။

♦♦♦

www.burmeseclassic.com

အသက် ၇၃ခုနှစ်အရွယ်မှာ ရီဂင် ဒုတိယအကြိမ် သမ္မတရွေးကောက်ပွဲ ဝင်ပြန်တယ်။ သတင်းထောက် တစ်ယောက်က ရွေးကောက်ပွဲဝင်တဲ့နေရာမှာ အရွယ် ဟာ ထည့်တွက်ရမယ့်အချက် ဟုတ်မဟုတ် မေးကြည့် တယ်။

ဒီမေးခွန်းကို ရေဂင်က

'အရွယ်ဟာ ပြဿနာမဟုတ်ပါဘူး။ ကျုပ်ရဲ့လူ ငယ်ပြိုင်ဘက်တွေအပေါ်မှာလည်း ကျုပ် အမြတ် မထုတ်ပါဘူး'လို့ ဖြေလိုက်တယ်။

♦♦♦

www.burmeseclassic.com

သမ္မတရိဂင်ကြိုက်တဲ့ ပုံပြင်တစ်ပုဒ် ရှိပါသေးတယ်။

တက်ဆက်နယ်သားတစ်ဦးက မိန်းနယ်သားလယ်သမားတစ်ဦးဆီ အလည်သွားတယ်။ တက်ဆက်နယ်သားက

'ခင်ဗျားလယ် ဘယ်လောက်ကျယ်သလဲ'လို့ မေး ကြည့်တယ်။

'လမ်းမကြီးကနေ ဟိုး တောအုပ်အထိ၊ အဲဒီတောအုပ်ကနေ ချောင်းဟိုဘက်အထိ ဆိုပါတော့ဗျာ။ ကဲ ခင်ဗျားလယ်ကရော ဘယ်လောက်ကျယ်သလဲ။ ပြောစမ်းပါဦး'

တက်ဆက်နယ်သားက

'ကျုပ်ကားနဲ့ လယ်ကိုဖြတ်မောင်းမယ်ဆိုရင် တစ်နာရီကြာအောင်မောင်းတာတောင် လယ်ရဲ့တစ်ဖက်စွန်းကို မရောက်သေးဘူးဗျ'လို့ ဖြေလိုက်တော့ မိန်းနယ်သား လယ်သမားက

'အာ အဲဒီကားမျိုး ကျွန်တော့်မှာလည်း ရှိခဲ့တာပေါ့ဗျာ'လို့ အရှုံးမပေးဘဲ ချေပလိုက်ပါသတဲ့။

www.burmeseclassic.com


ရုရှားနိုင်ငံမှ ကူးပြောင်းလာသူတစ်ဦးက သမ္မတ ဘုရှ်နဲ့ လာရောက်တွေ့ဆုံပါတယ်။

'ခင်ဗျား ပိုပြီးလွတ်လွတ်လပ်လပ် နေထိုင်ချင်လို့ ရုရှားနိုင်ငံက ထွက်ခဲ့တယ်လို့ ထင်တယ်'

'မဟုတ်ပါဘူး။ ကျွန်တော် ဟိုမှာ အများကြီး ပို လွတ်လပ်ပါတယ်။ အပြစ်ပြောလို့ မဖြစ်ပါဘူး'

'ဒီလိုဆိုရင် ခင်ဗျားတို့ရုရှားမှာ အခွင့်အလမ်းတွေ မရှိလို့လား'

'ဟာ ကျွန်တော့်မှာ အများကြီးရှိတာပေါ့။ အပြစ် ပြောလို့ မဖြစ်ပါဘူး'

'ကဲ ဒါဖြင့် နေစရာနေရာကောင်း ရှာမတွေ့နိုင်လို့ ဖြစ်မယ်ထင်တယ်'

'အဲဒီလိုလုံးဝမဟုတ်ပါဘူး။ ကျွန်တော့်မှာ အင်မတန်လှတဲ့ တိုက်ခန်းရှိပါတယ်။ အပြစ်ပြောလို့ မဖြစ်

www.burmeseclassic.com

ပါဘူး’

သမ္မတဘုရှ် အတော်ကလေး ဦးနှောက်ခြောက်သွားပါတော့တယ်။

‘ရုရှားမှာ ဒီလောက်အထိ အစစအရာရာ ကောင်းမွန်နေရက်နဲ့ ခင်ဗျားက ဘာကြောင့် ကျုပ်တို့ အမေရိကားကို လာရတာလဲ’

‘ဟဲ ဟဲ ဒီမှာ အပြစ်ပြောလို့ ဖြစ်တယ်လေ’လို့ ရုရှားက ရယ်မလိုပြုံးရင်း ဖြေလိုက်သတဲ့။

♦ ♦ ♦

www.burmeseclassic.com



www.burmeseclassic.com

ဟောဒီဇာတ်လမ်းဟောင်းကလေးကတော့ ဂျော့ ဘုရှ် သမ္မတဖြစ်လာချိန်မှာ အသစ်အဆန်း ဖြစ်လာ ပြန်တာပေါ့။

လူတစ်ယောက်က ဟိုတယ်ကြီးထဲဝင်သွားပြီး

'ကျွန်တော် ဒီနေ့ည အခန်းတစ်ခန်းလိုချင်ပါတယ်'လို့ ဟိုတယ်စာရေးကို ပြောပြတယ်။

'ဝမ်းနည်းပါတယ်ခင်ဗျာ။ ကျွန်တော်တို့ဟိုတယ်မှာ အခန်းလွတ်မရှိတော့ပါဘူး'

စာရေးက ယဉ်ယဉ်ကျေးကျေး ပြန်ပြောပါတယ်။

'တစ်ခန်းလေးတောင် မရှိတော့ဘူးလားဗျာ'

'မရှိတော့လို့ပါ။ ဒီနေ့ညအတွက်တော့ ပြည့်နေပြီ'

www.burmeseclassic.com

ထိုလူက ခဏတာစဉ်းစားလိုက်တယ်။ ပြီးမှ

'ကဲ ဒီလိုဆို သမ္မတဘုရှ်လာပြီး အခန်းတစ်ခန်း ငှားရင်ရောဗျာ။ ခင်ဗျားက သူ့ကို အခန်းတစ်ခန်း ပေးမှာလား'

'ဩော် အမေရိကန်ပြည်ထောင်စုရဲ့ သမ္မတကြီးကသာ အခန်းတစ်ခန်းလာငှားရင် သူ့အတွက် အခန်းတစ်ခန်းရအောင် လုပ်ပေးရမှာပေါ့'

'ကဲ ဟုတ်ပြီ။ ဒီနေ့ည ခင်ဗျားတို့ဟိုတယ်ကို သမ္မတဘုရှ် လာမှာမဟုတ်တော့ဘူး။ ဒါကြောင့် သူ့ကိုပေးမယ့်အခန်း ကျွန်တော့်ကိုပေးလိုက်ပေတော့'။

www.burmeseclassic.com

BURMESE CLASSIC .com

ခင်မောင်တိုး(နိမိတ်)

# အမေရိကန်သမ္မတတို့ရဲ့ ဟာသများ

